# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 6 July 2024 ၁၁၅၁၀


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောသယံဇာတများအပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများကို ခေတ်မီသည့်သိပ္ပံနှင့်နည်းပညာ တီထွင်မှုများဖြင့်ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှဌာနဆိုင်ရာအရာထမ်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✯



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်း ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ** စာမျက်နှာ » ၇

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ကျင်းပ** စာမျက်နှာ » ၈



**စာကြည့်တိုက်၏ အကျိုးကျေးဇူးများ** ဆောင်းပါး စာမျက်နှာ » ၁၂

ကြေးမုံ

# ကလေးသူငယ်များစစ်မှုထမ်းခြင်းတားဆီး

ယခုနှစ်ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာတွင် တပ်မတော်နှင့် ဆက်စပ်နေသည့်အဖွဲ့များနှင့် ပြည်သူ့စစ်တို့က ကလေးသူငယ် ၁၁၀၂ ဦးကို စုဆောင်းခဲ့ပြီး ကြီးလေးသောကျူးလွန်မှု ၆ ရပ်တို့ကို တပ်မတော်က ကျူးလွန်ကြောင်း စွပ်စွဲဖော်ပြခဲ့သည်။ နိုင်ငံတော်က အသိပေးတင်ပြခဲ့သည့် အထောက်အထားများကို မျက်ကွယ်ပြုပြီး ဆန့်ကျင်ဘက်အဖွဲ့များ၏ မမှန်ကန်သောအချက်များဖြင့် စွပ်စွဲပြောကြားခြင်းမှာ တရားမျှတမှုမရှိပေ။

၂၀၂၃ ခုနှစ်အတွင်း ကုလသမဂ္ဂ၏ CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူစုစုပေါင်း ကိုးဦးသာရှိကြောင်း အကြောင်းကြားခဲ့သော်လည်း ယခုနှစ်အစီရင်ခံစာတွင် အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေသည်ဟု ချဲ့ကားဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် အဆိုပါအစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် တုံ့ပြန်သည့်အချက်အလက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံအတွင်း၌လည်း တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီမှ CTFMR နှင့် ယခင်အတိုင်း ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် CTFMR နှင့်တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူညီချက်အရ နည်းပညာပူးတွဲဥက္ကဋ္ဌအဖွဲ့နှင့် အဖွဲ့ငယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် နှစ်ဖက်တိုက်ဆိုင်စာရင်းရှင်းလင်း စစ်ဆေးအတည်ပြုရန် ဆွေးနွေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ရာတွင် အသက် ၁၈ နှစ် မပြည့်သူများ မပါရှိစေရေး ဆင့်ခေါ်ရေးအဖွဲ့ အသီးသီးက စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ်အတွင်း CTFMR မှ ပေးပို့ထားသည့် အသက်မပြည့်သူဟု သံသယရှိသူ စစ်သည် ကိုးဦးအပါအဝင် ယခင်စာရင်းမှ ပယ်ဖျက်ပေးရန်ကျန် စုစုပေါင်း ၁၂၀ ကို CTFMR သို့ဆက်သွယ်၍ အမှုတွဲတိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် မှန်ကန်မှုမရှိပါက စာရင်းမှပယ်ဖျက်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း အလေးထားလိုက်နာ စုဆောင်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ တပ်မတော်တွင် ကလေးစစ်သားအသုံးပြုမှုမရှိစေရေး စိစစ်ဖော်ထုတ်ရေးကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် အသိပညာပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

ယခင်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် ကလေးစစ်သားစုဆောင်းခြင်းနှင့်ပတ်သက်၍ တပ်မတော်(ကြည်း)ပါဝင်နေခြင်းကို စာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စီမံချက်အရ CTFMR နှင့်ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်သေးသည့် စစ်သည် ၁၀၅၇ ဦးကို နုတ်ထွက်ခွင့်ပြုကာ တပ်မတော်နှင့် CTFMR ပူးပေါင်းအဖွဲ့ဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာတွင် တပ်မတော်က ကျူးလွန်ကြောင်း စွပ်စွဲဖော်ပြထားမှုသည် မမှန်ကန်သည့် အချက်အလက်များဖြင့် အခြေအမြစ်မရှိ ဖော်ပြထားချက်များဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သောအချက်အလက်များဖြင့် ပြန်လည်တုံ့ပြန်ပြီး မမှန်ကန်သောစွပ်စွဲမှုကို လက်မခံကန့်ကွက်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )



International Day of Cooperatives
Cooperatives Build a Better Future for All
6th july 2024

International Co-operative Alliance

**“ Cooperatives Build a Better Future for All ”**

**“အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး”**

## အသိပေးကြေညာခြင်း

အကြောင်းအမျိုးမျိုးကြောင့် အရေးယူခံရ၍ အလုပ်သမားဝန်ကြီးဌာနမှ ရာသက်ပန် ပိတ်သိမ်းခံထားရသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် ဌာန၏ ယာယီရငွေစာရင်းသို့ ပေးသွင်းထားသည့် လိုင်စင်အာမခံစပေါ်ငွေများအား ပြန်လည်ထုတ်ယူခွင့်မရှိကြောင်းနှင့် အဆိုပါလိုင်စင်အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

## ပခုက္ကူမြို့နယ်၌ နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

ပခုက္ကူ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ်လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဒေါ်ယဉ်ယဉ်ထွေးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အာမခံအလုပ်သမား ဒေါ်တင်ဇာဝင်းပြည့်(CONSUMER GOODS MYANMAR LIMITED)၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် နာရေးစရိတ်ငွေကျပ် ၅၈၄၆၄၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၂၀၀၀၀ စုစုပေါင်းငွေကျပ် ၄၉၀၄၆၄၀ ကို ခင်ပွန်းဖြစ်သူ ဦးစိုးမင်းဦးထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## သာယာဝတီမြို့နယ် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာတွင် အာဟာရနှင့် ဆေးဝါးများ လှူဒါန်း

သာယာဝတီ ဇူလိုင် ၅

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင်ကျရောက်မည့် (၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက သာယာဝတီမြို့ ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား နံနက်စာအာဟာရများနှင့် ဆေးဝါးများလှူဒါန်းခြင်းကို ဆောင်ရွက်ခဲ့သည်။

**ဆေးဝါးများလှူဒါန်း**

မြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမ အသင်းစုဝန်ထမ်းများ ပူးပေါင်း၍ သာယာဝတီမြို့နယ် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာမှ အဘိုး အဘွားများအား နံနက်စာအာဟာရကျွေးမွေးခြင်းနှင့် ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၁၆၁ | ၁၀,၄၄၉,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၂,၂၃၅ | ၇,၅၀၀,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၄၃ | ၁,၉၉၂,၆၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၈၀ | ၁၄၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၈၁၇ | ၁,၅၀၈,၄၅၀ |
| AMATA | ၄,၅၀၀ | ၄,၇၀၀ | ၁၂၂ | ၅၅၅,၄၀၀ |
| MAEX | ၃,၅၅၀ | ၃,၆၀၀ | ၁,၇၈၂ | ၆,၃၃၇,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အမှုထမ်းများ၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမ ကြီးများ၊ ကျောင်းသား ကျောင်းသူများ နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

**တည်ထောင်ဖွင့်လှစ်ပေးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာ စကားပြောကြားရာတွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို အရည်အသွေး မြင့် လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များ မွေးထုတ် ပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ကို အထောက်အကူပြုစေရေးအတွက် အဆင့်မြင့် နည်းပညာများ သင်ကြားပို့ချ ပေးနိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင် တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး အင်ဂျင် နီယာ အထူးပြုဘာသာရပ် ခုနစ်ခု ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

နေပြည်တော်နည်းပညာတက္ကသိုလ် တစ်ခုတည်းဖြင့် ပြည့်စုံလုံလောက်မှု မရှိဟု ယူဆသည့်အတွက် Naypyitaw State Polytechnic University အသစ် တည်ဆောက်ဖွင့်လှစ်ရန် စီမံဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ မြင်တွေ့ရသည့် အတိုင်း လာမည့်ပညာသင်နှစ်တွင် Naypyitaw State Polytechnic University အဖြစ် အင်ဂျင်နီယာ ဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားနိုင် ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

ထို့ကြောင့်လည်း ယခုကဲ့သို့ဂုဏ်ယူ ဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည် သာယာလှပသည့် ပရဝဏ်ဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်း ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင် သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းရေး တွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာ စေရေးနှင့် တီထွင်ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာ လှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက် များဖြင့် ယခုသစ်ပင်စိုက်ပျိုး ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။

**အထောက်အကူပြုပေးနိုင်မည်**

ကမ္ဘာ့လူသားအားလုံးအတွက်စားဝတ် နေရေး၊ ကျန်းမာရေး၊ လူမှုဘဝ သာယာဝ ပြောရေးတို့အတွက် သစ်ပင်သစ်တော များသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ သစ်တောများကို စိုက်ပျိုးပြုစုထိန်းသိမ်း ကြရာတွင် ယနေ့ခေတ်သိပ္ပံနှင့်နည်း ပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုများ ကို သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ တွင် အကျိုးရှိအောင် ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်သွားမည်ဆိုပါက သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက် ပြီး နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ကိုလည်း အထောက်အကူပြုပေးနိုင်မည် ဖြစ်ကြောင်း။

ဥပမာအားဖြင့် သစ်တောအခြေပြု နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးလာခြင်းကြောင့် ပလတ်စတစ်သုံးစွဲ မှုအစား ဇီဝဖြစ်စဉ်အတိုင်း ဆွေးမြည့်နိုင် သည့် (Biodegradable) သစ်တောထွက် ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလာ နိုင်ခြင်း၊ လူသားများအတွက် အန္တရာယ် ဖြစ်စေနိုင်သည့် ဘက်ထရီများတွင်ပါရှိ သည့် မြေရှားသတ္တုများနေရာတွင် သစ်တောထွက် ဓာတုဓာတ်ပေါင်းများဖြင့် အစားထိုးလာနိုင်ခြင်း၊ ကမ္ဘာ့အဝတ် အထည်စက်ရုံများအတွက် သစ်ပင်၊ ဝါးပင်များမှ ထုတ်လုပ်သည့် ချည်မျှင် ရှည်(long fiber)များ အသုံးပြုလာနိုင်ခြင်း စသည့် တီထွင်ဆန်းသစ် အောင်မြင်မှုများ ကို တွေ့မြင်နိုင်ကြောင်း။

**ထုတ်လုပ်လာနိုင်ခဲ့**

ထို့ပြင် နည်းပညာတီထွင်ဆန်းသစ် မှုနှင့် သစ်တောထွက်ပစ္စည်းများကို ဆေး ဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသောက် ကုန်များအပါအဝင် လူသားများ၏ စားဝတ် နေရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေး တို့အတွက် ရေရှည်ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် ထုတ်ကုန်ပစ္စည်း အမျိုး မျိုးကို ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်ခဲ့ ပြီဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့** ❂

**❋ ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည် သာယာလှပသည့် ပရဝဏ်ဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုး ပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးနှင့် တီထွင် ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာလှပသည့် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ယခုသစ်ပင်စိုက်ပျိုး ပွဲတော်ကို ကျင်းပခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ရှုခင်းသာရင်ပြင်နေရာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❂ စာမျက်နှာ ၃ မှ

အင်ဂျင်နီယာပညာရပ်ကို ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဂေဟဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ ဇလဗေဒ စသည့်ဘာသာရပ်များနှင့်ပေါင်းစပ်ပြီး လေ့လာသင်ယူရသည့် Environmental Engineering ဘာသာရပ်သည် ပတ်ဝန်းကျင်အရည်အသွေးများ မြှင့်တင်ပေးရန်အတွက် အထူးအရေးပါသည့် ပညာရပ်အဖြစ် ကျယ်ပြန့်စွာ လေ့လာသင်ယူလာကြပြီဖြစ်ကြောင်း၊ သစ်တောကဏ္ဍတွင် မျိုးကောင်းမျိုးသန့် ပျိုးပင်များ ထုတ်လုပ်ရေး၊ ရေဝေရေလဲဒေသစီမံအုပ်ချုပ်ရေး၊ သစ်ပင်သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ရေနှင့် မြေဆီလွှာများထိန်းသိမ်းရေး စသည့် လုပ်ငန်းနယ်ပယ်များတွင် Environmental Engineering ပညာသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

**စဉ်ဆက်မပြတ်စိုက်ပျိုး**

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာမက သစ်တောမြေ ပြင်ပနေရာများဖြစ်သည့် ကျေးရွာများ၊ မြို့ပြများ ပတ်ဝန်းကျင်နေရာ အသီးသီးတွင်လည်း ဒေသအလိုက် သင့်လျော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ တောင်ထိပ်များတွင် သစ်ပင်မခုတ်ရန်နှင့် သစ်ပင်များ ထိန်းသိမ်းရန်၊ ဒီရေတောပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီး ဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ရန်နှင့် မြေအောက်ရေ ထိန်းသိမ်းနိုင်ရန်အတွက် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်ခြင်းကြောင့် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရိဝုဏ်နှင့် လိုက်ဖက်ပြီး ရာသီအလိုက်ဖူးပွင့်ပြီး ရနံ့သင်းပျံ့သည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**ကောင်းမွန်စွာရှင်သန်မည်**

စိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း ရာသီအလိုက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးဘေးကာကွယ်ခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲနွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိအောင် ကာကွယ်ခြင်းစသည့် ပြုစုထိန်းသိမ်းမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာရှင်သန်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ကျောင်း ပရိဝုဏ်နှင့် ပတ်ဝန်းကျင် အစဉ်ထာဝရစိမ်းလန်းစိုပြည်လှပနေစေရန် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City၊ Clean City၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်မည့် Naypyitaw State Polytechnic University ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာလှပစေရန်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်တို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သစ်တောသယံဇာတများ အပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများကို ခေတ်မီသည့်သိပ္ပံနှင့်နည်းပညာ တီထွင်မှုများဖြင့် ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် နေပြည်တော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်စသည့် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ရှုခင်းသာရင်ပြင် (View Point)နေရာ ဆောင်ရွက်ထားရှိမှုများ၊ သုံးထပ်ပင်မစာသင်ဆောင် အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ အဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု အဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သုံးထပ်ပင်မစာသင်ဆောင်အတွင်း စာသင်ခန်းများ၊ စုဝေးခန်းမများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် လုပ်ကိုင်နေထိုင်စားသောက်နိုင်ရေးတို့ပါဝင်ပြီး ကျယ်ပြန့်ပါကြောင်း။

**တိုင်းပြည်သာယာဝပြောရေး**

တိုင်းပြည်သာယာဝပြောရေးအတွက်လိုအပ်သည့် အပိုင်းကဏ္ဍအလိုက် တစ်ချက်ခြင်း ခွဲခြားပြောကြားသွားမည်ဖြစ်ကြောင်း။

**လုံခြုံရေးပိုင်း**နှင့်ပတ်သက်၍ လုံခြုံမှုရှိသည့်ဒေသများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေစိုးမိုးမှုလျော့ပါးလျက်ရှိသည့် မြို့နယ်များနှင့် ဒေသများလည်းရှိကြောင်း၊ လူတစ်ဦးချင်းအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက လုံခြုံရေးဆိုင်ရာကိစ္စများ အားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့်တို့တွင် လုံခြုံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ သွားလာဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများအားလုံးအနေဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်းနှင့် စနစ်တကျ နေထိုင်ခြင်းများကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုံခြုံရေးကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ **ပညာရည်သင်ကြားရေး**နှင့်ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာသင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းဖွင့်လှစ်၍ရရှိသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသားကျောင်းသူများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းနေရာခိုင်နှုန်းများနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးပိုင်းဆိုင်ရာများ တိုးတက်လာမည်ဆိုပါက ဒေသအလိုက် တိုးတက်ရေး၊ နိုင်ငံတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှု မပြုနိုင်သည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ကျောင်းသား ကျောင်းသူများ ပညာရည်သင်ကြားရေးနှင့် ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာသင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များ အားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းဖွင့်လှစ်၍ရရှိသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လို**

တိုင်းပြည်သာယာဝပြောရေးတွင် **ပတ်ဝန်းကျင်ကောင်းများဖန်တီး**ပေးရန်လည်းလိုကြောင်း၊ မြို့ရွာများအလိုက်၊ ဒေသအလိုက် လမ်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပမှုရှိနေစေရေး၊ ရေနုတ်မြောင်းများ၊ ချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမြဲမပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးပိုင်းဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်မှုများသာမက လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် နေထိုင်ကြသည့် ဒေသခံများတစ်ဦးချင်းစီအလိုက် စည်းကမ်းရှိမှုဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် ဒေသသာယာလှပမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းတကျဖြင့် အမှိုက်စွန့်ပစ်ခြင်း၊ မိမိတို့အိမ်၏ သန့်ရှင်းသာယာလှပမှုကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် အိမ်တစ်အိမ်ချင်းစီမှအစပြု၍ ဒေသအလိုက်၊ မြို့အလိုက် သန့်ရှင်းသပ်ရပ်သာယာလှပနေမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြစေရေး တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ပတ်ဝန်းကျင်စိမ်းလန်းသာယာ လှပစိုပြည်စေရေးအတွက်** သစ်ပင်ပန်းမန်များကိုလည်း စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ မိမိတို့မြို့နယ်၊ ဒေသနှင့် ကိုက်ညီသည့် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန်နှင့် လူနေရပ်ကွက်များရှိဝန်းခြံများအတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ “ **ဝန်းခြံရှိလျှင် သစ်ပင်ရှိရမည်** ” ဆိုသည့်အတိုင်း အိမ်ဝန်းတိုင်း သစ်ပင် ပန်းမန်ရှိရန်လိုပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျှင်ပတ်ဝန်းကျင် ကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ မြို့ပတ်ဝန်းကျင်စိမ်းလန်းသာယာလှပစိုပြည်ရေးကို ဆောင်ရွက်သွားရန်လိုသကဲ့သို့ ကျေးရွာများအလိုက်လည်း အရိပ်ရ လေကာပင်များနှင့်ထင်းစိုက်ခင်းများကို စနစ်တကျ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ဒေသအလိုက် လမ်းမကြီးများဥပဒေနှင့်အညီ လမ်းအင်္ဂါရပ်များအတိုင်း စနစ်တကျရှိရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ အမှတ်အသားများ မှန်ကန်စွာရေးဆွဲထားရှိရန်လိုကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာစိမ်းစိုလှပရေးနှင့် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အမြဲမပြတ် စဉ်းစားဆောင်ရွက်နေကြရန်လိုကြောင်း။

**စားရေရိက္ခာဖူလုံပေါများရေး**

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မိမိတို့နိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်ပြီး ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏စီးပွားရေးအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။ **စာမျက်နှာ ၆ သို့** ★

★ စာမျက်နှာ ၅ မှ

**ပြည်တွင်းဆီဖူလုံမှု**နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပဲပုပ်တို့ကို အများစုစိုက်ပျိုးကြကြောင်း၊ အဆိုပါဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ စားအုန်းဆီများကို စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုလျက်ရှိကြောင်း၊ ရှိပြီးဖြစ်သည့် ဆီအုန်းပင်များမှ ဆီသီးခိုင်အထွက်နှုန်းကောင်းစေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စားအုန်းဆီအထွက်နှုန်းများ ပိုမိုတိုးတက်စေရေး နည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် **အခြေခံစားကုန်ပစ္စည်းများ**တွင် မဖြစ်မနေလိုအပ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်၊ ခရမ်းချဉ်နှင့် အခြားသီးနှံများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖူလုံမှုရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိပါက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံမှ ထွက်ရှိသည့် အခြေခံစားကုန်သီးနှံများကို ဝယ်ယူလိုသည့် ပြည်ပဈေးကွက်လိုအပ်ချက်များ များစွာရှိပြီးဖြစ်သည့်အတွက် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိလာသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်၍ ကျွေးမွေးနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ဆက်စပ်လျက်ရှိပြီး မိမိတို့သိရှိခြင်းမရှိသေးသည့် မွေးမြူရေးနည်းစနစ်များ၊ ကျွေးမွေးမှုနည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာခြင်းဖြင့် မွေးမြူရေးအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံ့ GDP တိုးတက်ရေးနှင့်ဆက်စပ်မှုများ**ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိကြောင်း၊ ယင်းတို့သည် ထုတ်ကုန်ပစ္စည်းများဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကိုအခြေခံ၍ စက်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ သယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုကဏ္ဍကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်စေရေး ကွဲပြားသည့်အခြေခံများလည်းရှိပြီး ယင်းအခြေခံအချက်များ တိုးတက်ရန် အလေးထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးခြင်းဖြစ်ပြီး ဒေသအလိုက် ဦးဆောင်သူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူဝါဒချမှတ်ပေးရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရှိစေရေးအတွက်လည်း ကြပ်မတ်ပေးရန်တာဝန်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ချမှတ်ထားသည့် မူဝါဒနှစ်ရပ်သည်လည်း အရှိန်ရလာမည်ဖြစ်ကြောင်း။

**လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက်**
**မှတ်တမ်းများ စနစ်တကျပြုစုထိန်းသိမ်းထားရှိရန်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်ပြောင်းလဲမှုဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့သည်များ၊ တိုးတက်မှုများ၊ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သူရှိကြောင်း၊ ဥပမာအားဖြင့် မိမိတို့အစိုးရလက်ထက်တွင် နေပြည်တော်၌ Naypyitaw State Academy ၊ နေပြည်တော် နည်းပညာတက္ကသိုလ်နှင့် အခြားတံတားများ၊ လမ်းများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်ဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးနစ်နာမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် စာရင်းပြုစုမှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် သမိုင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မှတ်တမ်းမှတ်ရာများ ရေးမှတ်မှုအားနည်းသဖြင့် အချို့သမိုင်းမှတ်တမ်းများသည် ပျောက်ပျက်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မှတ်တမ်းတင်ပြုစုသည့် အလေ့အကျင့်ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍လည်း အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဌာနအလိုက် လုံခြုံရေးဆိုင်ရာအချက်အလက်များ မပေါက်ကြားစေရန် အလေးထားဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ ပေါက်ကြားအောင်ပြုလုပ်သူများကိုလည်း ဖော်ထုတ်၍ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကျောင်းသားလူငယ်များ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းစာဖတ်ခြင်းမှတစ်ဆင့် အသိပညာကောင်းများ ရရှိလာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်လိုသည့် အပြုသဘောဆောင်သည့်စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ကြောင်း။

**နိုင်ငံ့အရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များရှိ**ကြောင်း၊ ၎င်းတို့ကို လက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်များနှင့်ပတ်သက်၍ ဘဏ်စနစ်ကို ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်ထားသည့် ဘဏ်များကိုလည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ဥပဒေကိုကျော်လွန်၍ လုပ်ဆောင်မှုများရှိပါက နိုင်ငံ့စီးပွားရေးအတွက် အန္တရာယ်ရှိသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**INGO ၊ NGO များ**နှင့်ပတ်သက်၍လည်း အသင်းအဖွဲ့များစည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူမှုအဖွဲ့အစည်းများကို အကြောင်းပြကာ စည်းကမ်းဖောက်ဖျက်မှုများရှိသဖြင့် INGO၊ NGO နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ **ပြည်ပနှင့် ပတ်သက်သည့်ကိစ္စရပ်များ**တွင် မိမိတို့အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ပေါ်တွင်အခြေခံ၍ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများနှင့်နယ်နိမိတ်ထိစပ်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဆက်ဆံဆောင်ရွက်နေရသည့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန်ဖြင့်ဆက်ဆံဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ရွေးကောက်ပွဲကျင်းပနိုင်ရေး**
**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလဆန်းမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ဆောင်၍ရသည့်နေရာတိုင်း၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ဆောင်ရန်ကန့်သတ်ချက်ရှိသည့်နေရာများ၌လည်း အဖြစ်နိုင်ဆုံးကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အဆင့်နှစ်ဆင့်ဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသွားသူများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းဇယားကောက်ယူစိစစ်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှသာ မဲစာရင်းများပြုစုရာတွင် မှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးမှသာ မဲစာရင်းပြုစုခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ အပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေတို့နှင့် ပတ်သက်၍ သိရှိစေရေး၊ ဥပဒေနှင့်အကျုံးဝင်ဖြစ်စေရေးအတွက်လည်း အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြို့ပြစီမံကိန်းများနှင့်ပတ်သက်၍လည်း မှတ်တမ်းထားရန်လည်း လိုအပ်ကြောင်း၊ ယခင်နှစ်များက မြို့ပြစီမံကိန်းများကို ပြည်ပနိုင်ငံများ၏ အကြံညာဏ်များဖြင့် ဆောင်ရွက်ကြကြောင်း၊ စီမံကိန်းများ၊ မြေယာနှင့် မြေလွတ်မြေရိုင်းအသုံးချမှုများကို လည်း တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မြို့နယ်၊ ခရိုင်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများကို ကွင်းဆင်းစိစစ်ရန်လိုအပ်ကြောင်း၊ မြို့ရွာစီမံကိန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အဆင့်ဆောင်ရွက်ရန် အခမ်းအနားကြီးနှစ်ခုရှိကြောင်း၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲနှင့် အမျိုးသားအားကစားပြိုင်ပွဲများကို နိုင်ငံတော်အဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိရှိ အဆင့်အတန်းရှိရှိယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ဆောင်ရွက်သောလုပ်ငန်းဖြစ်၍ ရည်မှန်းချက်ဖော်ဆောင်နိုင်ရေးကို အဓိကထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခမ်းအနား ကျင်းပသည်ဆိုသည်ထက် အနှစ်သာရရှိသည့် အားကစားသမားများ၏ ယှဉ်ပြိုင်မှု အရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ဆိုကရေးတီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ကျူးရန်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းကိစ္စနှစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သော ပြိုင်ပွဲဖြစ်ရန်လိုကြောင်း၊ မကြာမီ ဗုဒ္ဓဘာသာဝင်များအလေးအမြတ်ထားသည့် ဝါတွင်းကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဝါတွင်းအခါသမယတွင် ဆရာတော်၊ သံဃာတော်များ စိတ်ချမ်းမြေ့စွာဖြင့် သီတင်းသီလဆောက်တည်နိုင်ရန်အတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အငြိမ်းစားဝန်ထမ်းများ၏ စား၊ ဝတ်၊ နေရေးအတွက် နိုင်ငံတော်က တတ်နိုင်သလောက် စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများခန့်အပ်ရာတွင်လည်း လိုအပ်သည့်နေရာများတွင်သာ စိစစ်ခန့်အပ်စေလိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ဖြင့် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ GDP တိုးတက်ရေးနှင့်ဆက်စပ်မှုများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိကြောင်း၊ ယင်းတို့သည် ထုတ်ကုန်ပစ္စည်းများဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကိုအခြေခံ၍ စက်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ သယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုကဏ္ဍကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်**

❐ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှလည်း ထောက်ခံအားပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၅

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၅

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာ လာရောက်ပေးအပ်

နေပြည်တော် ဇူလိုင် ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Jaime Nadal Roig သည် ၎င်း၏ ခန့်အပ်လွှာကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဇူလိုင် ၅

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လူငယ်များကို နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နှစ်စဉ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် လူငယ်စုံညီပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားကြစေလိုကြောင်း၊ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် လူငယ်ဖိုရမ်(Youth Forum)၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြု လုပ်ငန်းအစီအစဉ်များကိုလည်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ဖြစ်သည့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား၊ ဆက်စပ်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသူများက လူငယ်ရေးရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး အတည်ပြုဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ **မြစ်ရေဝင်ရောက်မှုမှ**

ဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၃၁ စု၊ လူဦးရေ ၁၅၈၂ ဦးအတွက် စေတနာရှင် အလှူရှင်များနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းလှူဒါန်းငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၁၅၄ အိတ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေ အမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆင်သေကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် သာစည်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျေးရွာများရှိ ရွှေ့ပြောင်းရန်လိုအပ်သော အိမ်ထောင်စုဝင်များအား မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)တို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ကျင်းပ



အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ရန်ကုန် ဇူလိုင် ၅**

အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာ ကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

**ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ဦးသျှောင် မဟာထေရ်ကြီးများနှင့် သံဃာတော်ထေရ်ရှင်အများက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဟူသော ဗလငါးတန်အရှင်းခံလျက် တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်း ဆောင်ရွက်တော်မူ လာခဲ့ကြသဖြင့် မြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စစ်စစ် နေလိုလလို ထွန်းလင်းတောက်ပနေကြောင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ဦးသျှောင် မဟာထေရ်မြတ်များက ရှေ့ဆောင်ဦးရောက် စောင့်ရှောက်တော်မူနေကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ဆရာဒကာ ညီညာလက်ယှက်ကိုင်းဖက်ကျွန်းမှီ **ရှေ့သွားညီအောင် ဖြူကြည်သဒ္ဓါ စေတနာဖြိုး၊ ပံ့ပိုးထောက်ပင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း** လျှောက်ထားသည်။

ယင်းနောက် အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလ ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသုရိယ ကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) – ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယဗုဒ္ဓတက္ကသိုလ် နှစ်ခုအကြား ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယဗုဒ္ဓတက္ကသိုလ်နှစ်ခုအကြား ပညာရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဖလှယ် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော် (ပြည်ပရေးရာ) Asst. Prof. Dr. Phramaha Surasak Paccantaseno နှင့် မဟာဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်၏ ဓမ္မဒူတကောလိပ် ကျောင်းအုပ် Dr. Phrakhrusutaratanabundit အမှူးပြုသော MCU မှ သင်ကြား/ စီမံ ဆရာတော်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်နှစ်ခုအကြား ပညာရေးဆိုင်ရာကိစ္စရပ်များ အပြန်အလှန် ပူးပေါင်းမြှင့်တင် ဆောင်ရွက်ရန်၊ တက္ကသိုလ်နှစ်ခု၏ ဗုဒ္ဓဘာသာဆိုင်ရာ သင်ကြားရေးနှင့် သုတေသနပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘွဲ့လွန်၊ ဘွဲ့ကြိုနှင့် သုတေသနကျောင်းသားများ အပြန်အလှန် စေလွှတ် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သင်ကြား/ သင်ယူမှု နည်းလမ်းများ (Teaching Methods)၊ လက်တွေ့လေ့လာ ကျင့်သုံးမှု (Practice Meditation)၊ စီမံခန့်ခွဲမှု (Administration)၊ သုတေသန (Research) နှင့် တက္ကသိုလ်နှစ်ခု၏ ညီလာခံ (Conference) ကျင်းပပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်စာကြည့်တိုက်များ အတွက် အထောက်အကူပြု ပစ္စည်းများ အပြန်အလှန်ပေးအပ်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ တက္ကသိုလ်များမှ ဆရာတော်ကြီးများက အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြကာ ဓမ္မလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာ



**ဆရာတော် အရှင်မြတ်တို့ဘုရား**

ဘုရားတပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်း(၅)နှစ်၊ ဒုတိယသက်တမ်း(၅)နှစ်၊ တတိယသက်တမ်း(၅)နှစ်၊ စတုတ္ထသက်တမ်း(၆) နှစ်၊ ပဉ္စမသက်တမ်း(၆)နှစ်၊ ဆဋ္ဌသက်တမ်း (၆)နှစ်၊ သတ္တမသက်တမ်း(၆)နှစ်ရှိခဲ့ပြီး ယခု အဋ္ဌမ သက်တမ်းသည်လည်း (၆)နှစ်ပြည့်ခါနီးဖြစ်၍ ရှေ့လာမည့်နှစ်တွင် သက်တမ်းအသစ်များဆီသို့ ချင်းနင်းဝင်ရောက်တော့မည်ဖြစ်ပါသည် ဘုရား။ ယင်းသို့နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့ကြသည့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနေဖြင့် အဖွဲ့အစည်းကြီး ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို မျက်ခြည်မပြတ်ရန် လိုအပ် ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်-၁၂ တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ (ဆ)အထိ (၇)ချက် ပြဋ္ဌာန်းထားပါသည် ဘုရား။ ထို (၇)ချက်တို့တွင် အရေးကြီးသော အချက်များကို ထုတ်နုတ်လျှောက်ထားလိုပါသည်ဘုရား။

အပိုဒ်ခွဲ(က)တွင် "သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းခဲ့ရာ (က-၁)သာသနာတော်သန့်ရှင်းရန်၊ (က-၂) သာသနာတော်တည်တံ့ရန်၊ (က-၃)သာသနာတော် ပြန့်ပွားရန်ဟု လိုရင်းပြဋ္ဌာန်းချက် (၃)ရပ်အားဖြင့် ခွဲခြားနိုင်ပါသည်ဘုရား။ (က-၁)ဖြစ်သည့် သာသနာတော် သန့်ရှင်းရန်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းအောင် ဆောင်ရွက်တော်မူခဲ့ကြသည့် အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အစရှိသော သံဃာ့ပိတာမထေရ်ကြီးအဆက်ဆက် တို့ကဲ့သို့လည်းကောင်း၊ အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သိရီဓမ္မာသောကမင်းစသော သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်တို့ကဲ့သို့ လည်းကောင်း သာသနာ့အကျိုး ဆောင်ရွက်ကြရ မည်ဖြစ်ပါသည်ဘုရား။

မျက်မှောက်ခေတ် သာသနာတော်တွင် သာသနာ တော်မြတ်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်၊ သာသနာတော်မြတ်ကြီး ကွယ်ပျောက်ပျက်စီးသွားစေရန် ကျင့်ကြံလုပ်ဆောင် သူများ၊ ဟောပြောရေးသားနေကြသူများကို တွေ့မြင် ကြားသိနေရပါသည်ဘုရား။ ယင်းသို့ သာသနပစ္စတ္ထိ က သာသနာ့ရန်စွယ်အန္တရာယ်တို့ကို တားဆီးပိတ်ပင် နိုင်ရေး လျစ်လျူရှုတော်မမူကြဘဲ သာသနာတော် သန့်ရှင်းရန်ဟူသော (က-၁)ရည်ရွယ်ချက်ကို မျက်ခြည်မပြတ် ထက်သန်သော သာသနာပြု စိတ်ဓာတ်ဖြင့် အမြဲမပြတ်သတိပြုဆောင်ရွက် ကြရန် တိုက်တွန်းလိုပါသည်ဘုရား။

(က-၂)သာသနာတော်တည်တံ့ရန် ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက် ရန်အတွက် " သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ" ဟူသော ပါထိကဝဂ္ဂအဋ္ဌကထာဆရာ၏ (နှာ-၈၂) အဆိုအမိန့်နှင့်အညီ တပည့်တော်တို့ မြန်မာနိုင်ငံတော်၌ သာသနာတော်သုံးရပ်တွင် အရင်းခံအခြေအမြစ်ဖြစ်သည့် ပရိယတ္တိသင်ကြား ပို့ချနေသော စာသင်တိုက်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမား အားထားလောက်အောင် တည်ရှိနေသည်ကို အရှင် ဘုရားများအသိပင်ဖြစ်ပါသည်ဘုရား။ ထို့အပြင် ယခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံစာရင်း သွင်း ၂၈၃ ပါး၊ ဖြေဆို ၁၇၆ ပါး၊ အောင်မြင် ၉၆ ပါး ဖြစ်၍ ၅၄ ဒသမ ၅၅ ရာခိုင်နှုန်းရှိခဲ့ပြီး ရေးဖြေ စာမေးပွဲတွင် စာရင်းသွင်း ၂၂၁ ပါး၊ ဖြေဆို ၂၀၄ ပါး၊ အောင်မြင် ၁၆ ပါးဖြစ်၍ ၇ ဒသမ ၈၄ ရာခိုင်နှုန်း အောင်မြင်ခဲ့သည့်အပြင် (၁၆) ပါးမြောက် အဘိဓမ္မ ကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့သည်ကို လည်း သာသနာတော်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်ဘုရား။ အစိုးရဓမ္မာစရိယ စာမေးပွဲတွင်လည်း စာရင်းသွင်း နှစ်သောင်း နှစ်ထောင်ခြောက်ရာ့နှစ်ပါး (၂၂၆၀၂)၊ ဖြေဆို တစ်သောင်းရှစ်ထောင်ရှစ်ရာခြောက်ဆယ့်ခြောက်ပါး (၁၈၈၆၆)ရှိခဲ့ပြီး အောင်မြင် လေးထောင့်ကိုးရာ ခြောက်ဆယ့်ခြောက်ပါး(၄၉၆၆) ရှိ၍ (၂၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာရင်းသွင်း ခြောက်သောင်းကိုးဆယ့် ခြောက်ပါး (၆၀၀၉၆)၊ ဖြေဆို လေးသောင်းရှစ်ထောင်ကိုးရာ့ တစ်ဆယ်ပါး(၄၈၉၁၀)၊ အောင်မြင် နှစ်သောင်း တစ်ထောင်ရှစ်ဆယ့်ငါးပါး(၂၁၀၈၅) ဖြစ်၍ (၄၃ ရာခိုင်နှုန်း)ဖြစ်ရာ သာသနာတော်ကြီးတည်တံ့ရန် ဟူသော ရည်ရွယ်ချက်အတွက် အားတက်ဝမ်း မြောက်ဖွယ်ရာ ဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါ သည်ဘုရား။ ဤသည့်သာသနာကို အရှိန်အဟုန် မပျက် ဆက်လက်ပို့ချ သင်ယူဆောင်ရွက်သွားရန် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်သွားကြရန် သာဖြစ်ပါသည်ဘုရား။

(က-၃)သာသနာတော် ပြန့်ပွားရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် သာသနာတော်ထွန်းကားပြန့် ပွားရေးဦးစီးဌာနကို (၉-၅-၁၉၉၁) ရက်နေ့ကပင် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်စေခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီဖြစ်ပါသည်ဘုရား။ ထိုဌာနကြီးမှ သာသနာပြု ရဟန်းတော်သင်တန်း၊ လူပုဂ္ဂိုလ်သင် တန်းများဖွင့်လှစ်၍ လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှ သာသန တက္ကသီလမဟာဓမ္မာစရိယဘွဲ့ခံ၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံ သံဃာတော်များကို နယ်စပ်နှင့် တောင်တန်း သာသနာပြု စေလွှတ်၍လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းများကို ဖွင့်လှစ် ၍လည်းကောင်း "သာသနာတော်ပြန့်ပွားရန်" အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

အပိုဒ်ခွဲ(ခ)၌ "သံဃာတော်များ ဝိနည်းတရားတော် နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွား နိုင်ရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ယခုအခြေအနေတွင် အချို့သောရဟန်းသာမဏေ တို့သည် သမဏသာရုပ္ပမဖြစ်သည့် ကိစ္စများကို မြေပြင်၌ လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာ များတွင်လည်းကောင်း ဆောင်ရွက်နေကြခြင်း၊ မိမိတို့ စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော အဓမ္မဝါဒများကို ဟောပြောနေကြခြင်း၊ လူပုဂ္ဂိုလ် တို့ကလည်း သင်္ကန်းပရိက္ခရာများ ဝတ်ဆင်ကာ သိက္ခာမတင် သိမ်မဝင်ဘဲ ရှင်ရဟန်းအသွင်ယူကြ လျက် အလှူခံတောင်းရမ်း စားသောက်နေကြခြင်း စသည်တို့ကို တွေ့ရှိနေရပါသည်ဘုရား။ ထိုသို့သော ကိစ္စများကို သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်း နိုင်ရေးအတွက် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း ညွှန်ကြား ချက်များ အချိန်အားလျော်စွာထုတ်ပြန်ခြင်း၊ နိုင်ငံ တစ်ဝန်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က လည်း ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ဝိသောဓနီ အဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ထိုသို့ဆောင်ရွက် ရာတွင် ဓမ္မစက်၊ အာဏာစက် ညီညီမျှမျှဖြင့် ပရူပဝါဒဘေး ကင်းဝေးစေမည့် ဆောင်ရွက်ချက်များ ဖြစ်စေရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ထိန်းသိမ်းကွပ်ကဲ ပြုပြင်ပေးရမည်ဖြစ်ပါသည် ဘုရား။

အပိုဒ်ခွဲ (ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော် နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ဤရည် ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အပိုဒ်ခွဲ(က-၂)နှင့် အပိုဒ်ခွဲ (ခ)တို့တွင် အကျုံးဝင်သွား ပါသည်ဘုရား။ သို့သော်လည်း ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်မှာ အစဉ်အဆက်လိုအပ်လျက်ပင် ရှိနေသေးသည်ကို ဆရာတော်များအသိပင်ဖြစ်ပါသည်ဘုရား။ သံဃာ့ အဖွဲ့အစည်း ပထမ (၅)နှစ်သက်တမ်းအတွင်းနှင့် ဒုတိယ(၅)နှစ်သက်တမ်းအစတို့တွင် အဓမ္မဝါဒီတို့ကို ထိထိရောက်ရောက် နှိမ်နင်းခဲ့သည်ကို တွေ့ရှိရပါ သည်ဘုရား။ သို့သော်လည်း ထိုကိစ္စရပ်များကို ရဲဝံ့စွာ ပြုလုပ်နေကြသော အဓမ္မဝါဒီများ မကြာမကြာ ပေါ်ပေါက်လျက်ရှိရာ မျက်ခြည်မပြတ် စောင့်ကြည့် နှိမ်နင်းနိုင်ရေး လေးလေးနက်နက် တိုက်တွန်းအပ် ပါသည်ဘုရား။

အပိုဒ်ခွဲ (ဃ)၌ "ပရိယတ္တိနှင့်လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွား စေရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရာ တပည့်တော်တို့ မြန်မာနိုင်ငံတော်ဝယ် ပရိယတ္တိနှင့်လျော်ညီစွာ ပဋိပတ္တိကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော၊ ဟောကြားပြသနေကြသော ဆရာတော်များ၊ ကမ္မဋ္ဌာန်းရိပ်သာများရှိနေသည် ကို တွေ့မြင်နေရပါသည်ဘုရား။ အပိုဒ်ခွဲ(ဂ)ပါ အတိုင်း အဓမ္မဝါဒဟောပြောကျင့်ကြံကြသည်များ ကို မျက်ခြည်မပြတ် စောင့်ကြပ်ထိန်းကွပ်ပေးရန်သာ လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

အထက်အပိုဒ်(က)မှ(ဃ)အထိ ရည်ရွယ်ချက် များကို အကောင်အထည် ဖော်ဆောင်နိုင်လျှင် အပိုဒ်ခွဲ(င)နှင့်(စ) ရည်ရွယ်ချက်များလည်း ပြီးပြည့် စုံပြီးဖြစ်ပါသည်ဘုရား။ အပိုဒ်ခွဲ(ဆ)၌ "သာသနာ တော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ ဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံး ညီညွတ်မှုကိုရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်" ဟုပြဋ္ဌာန်းထားရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် သံဃာညီညွတ်ရေး သည်လည်း လွန်စွာအရေးကြီးပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ တိုင်းအလိုက်/ဂိုဏ်း အလိုက်သံဃာတော်များအချင်းချင်း စည်းလုံးညီညွတ် နေမှသာ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူနှင့်အညီ သာသနာတော်အရေးကိစ္စမှန် သမျှကို ချောမွေ့အောင်မြင်အောင် ဆောင်ရွက်နိုင် ကြမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ တိုင်းစွဲ၊ ဂိုဏ်းစွဲ စိတ်ထားများကို ဖြေလျှော့ပယ်ဖျောက်၍ တိုင်း တစ်ပါး၊ ဂိုဏ်းတစ်ပါး၏အလိုကို အခြားသော တိုင်းများ၊ ဂိုဏ်းများက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်း များနှင့်အညီ လေးစားဂရုထား၍ လိုက်လျော ဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှု ကို အထူးအလေးဂရုပြု ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် (၁၃)၌ "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါအခြေခံမူများ၊ ရည်ရွယ် ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ သို့ဖြစ်၍ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများတွင် တိုက်ရိုက် ပြဋ္ဌာန်းထားသော အပိုဒ်များမရှိစေကာမူ ဤအပိုဒ် (၁၃)အရ ဓမ္မဝိနယနှင့်ညီညွတ်ပါက အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက် ခွင့်ရှိသည်ဟု မှတ်ယူထိုက်ပါသည်ဘုရား။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို ရှေးရှေး ဒီဃဒဿီ၊ အာစရိယဆရာတော်ကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် နည်း တူ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနေဖြင့်လည်း ရည်ရွယ်ချက်များ၊ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး သတိသမ္ပဇဉ် တရားလက်ကိုင်ထား၍ မမှားမယွင်းအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံး သတ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်၍ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုချီးမြှင့်၊ ရေဘေးရှောင်စခန်းနေပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၅

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများ၊ ဆုရအမျိုးသမီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်ကောင်းများ၊ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များနှင့် အရေးပါသည့် အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရေး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြု အလေးထားဂုဏ်ပြုသည့်အနေဖြင့် ယခုလို မြန်မာအမျိုးသမီးများနေ့ကို ကျင်းပပြီးပြည်နယ်အဆင့်ဂုဏ်ပြုအခမ်းအနားနှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစု၏ စွမ်းဆောင်ပါဝင်မှုကို ထိထိရောက်ရောက်ရယူရန် လိုအပ်သကဲ့သို့ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့ပြင် မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူမည့်သူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင်ဖန်တီးသူများဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသမီးများ၏အခွင့်အရေးများကို အလေးထားဆောင်ရွက်ကာ စွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် စီးပွားရေးကဏ္ဍ လှုပ်ရှားမှုထူးချွန်(ပထမဆု)ရရှိအောင်စွမ်းဆောင်ခဲ့သော ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ အမျိုးသမီး ကြက်ခြေနီ ထူးချွန်ဆုရ ဒေါ်အေးအေးငွေ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ လူမှုရေးကဏ္ဍဆိုင်ရာ ထူးချွန်ဆုရရှိသည့် ဒေါ်ခင်လေးမေတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးတို့က အမျိုးသမီးလုပ်ငန်းရှင်များကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးတို့က အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများတွင် ကာလကြာမြင့်စွာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ လူရည်ချွန်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ အားကစားဆိုင်ရာ ကဏ္ဍများတွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းမှ ကလေးငယ်များနှင့် မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ အမျိုးသမီးအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေမှုနှင့် မြန်မာအမျိုးသမီးများနေ့ ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အခမ်းအနားတွင် တေးသီချင်း၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သော အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် လူမှုဝန်ထမ်းဦးစီးဌာနက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းများအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ရပ်/ရွာအခြေပြုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောင်နန်းရပ်ကွက်အတွင်းရှိ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ရေဘေးရှောင်စခန်းသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ စခန်းရှိ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၅၆ ဦးတို့အတွက် ဆန်ငါးအိတ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ငါးသေတ္တာ တစ်ဖာ၊ ကုလားပဲတစ်အိတ်နှင့် ရေသန့်ကတ် ၂၀ ကိုထောက်ပံ့ပေးအပ်၍ ရေဘေးရှောင်မိသားစုများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ လိုအပ်ချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်း မြစ်ရေမြင့်တက်မှုကြောင့် နုန်းမြေများ တင်ကျန်နေမှုကို လမ်းဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်ယန္တရားများဖြင့် နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ တစ်ရွာနှစ်ကေစိုက်ခင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပန်းတောင်း ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၄ ခုနှစ် တစ်ရွာ နှစ်ဧက စိုက်ခင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဒေါင်းမြတ်နားကျေးရွာနှင့် စွယ်တော်ကျေးရွာတို့တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၈၀၀၊ မန်ကျည်းရှားပင် ၂၀၀၀၊ ကြောင်လျှာပင် ၁၀၀၊ ဒန့်သလွန်ပင် ၁၀၀၊ မဟော်ဂနီပင် ၆၀၀၊ တမာပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၄၈၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိဦးထက်အောင်-၁ နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၁၀ က သတ်မှတ်နေရာများတွင် စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။



လပြည့်လင်း(ပြန်/ဆက်)

### ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၅) သင်တန်းဆင်းပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ၊ ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားများကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၅) ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးရဲနိုင်၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန် သင်ကြားရေးသာမက အုပ်ချုပ်ရေးနှင့်ပတ်သက်သော အတွေ့အကြုံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သောဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်နှင့် ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ဆရာ ဆရာမများ၏ သွန်သင်ညွှန်ကြားမှု ကောင်းမွန်မှသာ အနာဂတ်တွင် နိုင်ငံတော်က အားထားရပြီး အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ သင်တန်းမှတွေ့ကြုံရသော အသိပညာဗဟုသုတ အလေ့အကျင့်ကောင်းအခြေခံကို လက်တွေ့နယ်ပယ်တွင် အသုံးချရန်လိုကြောင်း၊ တစ်မျိုးသားလုံးပညာရည်မြင့်တင်ရေးရည်မှန်းပြီး ဆရာ၊ မိဘ၊ ကျောင်းသားများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၃၂၂ ဦး စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် နံနက် ၉ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ဂိတ်အမှတ်(၃) အနီး မြေကွက်လပ်တွင် ပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ မန်ကျည်းရှားပင်အား စိုက်ပျိုးပေးခဲ့ပြီး ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများ မန်ကျည်းရှားပင် ၁၀၀၀ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ အဖွဲ့ဥက္ကဋ္ဌသည် ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားသို့ တက်ရောက်၍ တက္ကသိုလ်ရှိ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်အတူ ရေနောက်အင်းကန်အတွင်းသို့ ငါးမြစ်ချင်း ၃၀၀၀၀ ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်) ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တတိယအကြိမ်) ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် တည်းခိုရေးစခန်း(ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးက အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ကြုံတွေ့ရသည့် အခက်အခဲများ၊ အကြံဉာဏ်များကို မျှဝေရရှိကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတစ်ခုအတွက် မဲစာရင်းများ မှန်ကန်ပြည့်စုံရေးသည် အဓိကအရေးကြီးသည့် တာဝန်တစ်ခုဖြစ်ပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်ပြည့်စုံမှသာ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

ဆွေးနွေးပွဲမှရရှိသော အတွေ့အကြုံများ၊ နည်းပညာများကို လက်ဆင့်ကမ်းရှင်းလင်းသင်ပြပေးရန်လိုကြောင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံများ၊ အသိပညာများဖြင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုပြီး မှန်ကန်ပြည့်စုံသောမဲစာရင်းများရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများ မှန်ကန်ပြည့်စုံရေးသည် အရေးကြီးသောတာဝန်တစ်ရပ်ဖြစ်သည့်အတွက် အလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ ဌာနအလိုက် အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ခေါင်းဆောင်များ တက်ရောက်ကြသည်။

**ယုံကြည်မှု လျော့ကျစေ**

ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အဂတိလိုက်စားမှုများကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး ပြည်သူလူထု၏ ယုံကြည်မှု လျော့ကျစေခြင်းတို့ ဖြစ်စေနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ညွှန်ကြားချက်များနှင့် အညီ အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေးအဖွဲ့ (CPU)များကို ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် တစ်တပ်တစ်အား စီမံဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူလျက် စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်း၊ ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ရာတွင် အဂတိ လိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များနှင့် တွေ့ဆုံ၍ အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံအခက်အခဲများနှင့်ပတ်သက်ပြီး တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ အကြံပြုတင်ပြချက်များအပေါ် သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာကြည့်တိုက်၏ အကျိုးကျေးဇူးများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

**စာကြည့်တိုက်များသည် အကျိုးဖြစ်ထွန်းမှုများစွာပေးစွမ်းသည်။ ၎င်းတို့သည် အသိပညာနှင့် ထိုးထွင်းသိမြင်မှုကို တိုးပွားစေသည့် စာအုပ်များကဲ့သို့သော ကျယ်ပြန့်သည့် အရင်းအမြစ်များကို ရရှိစေနိုင်သည်။ စာကြည့်တိုက်များသည် ပိုမိုမြင့်မားသောဘဝကျေနပ်မှု၊ ပျော်ရွှင်မှုနှင့် ရည်ရွယ်ချက်ရှိမှုတို့အပါအဝင် စာဖတ်သူများ၏ ဘဝ အရည်အသွေးကို အထောက်အကူပြုသော ဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးသည်။**



စာကြည့်တိုက်များသည် ပြည်သူလူထုအား ယုံကြည်စိတ်ချရသော အကြောင်းအရာများ ပေးဆောင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းတို့သည် လေ့လာဆည်းပူးမှုနှင့် အသိပညာကို နားလည်ခြင်းလုပ်ငန်းစဉ်ကို အားပေးမြှင့်တင်သည်။ စာဖတ်ဝါသနာပါသူများ၊ စာအုပ်ဝါသနာအိုးများသည် ဗဟုသုတတိုးပွားသော စာအုပ်များကို ဖတ်ရှုရုံမျှမက သိမ်းဆည်းထားကြသည်။

စာကြည့်တိုက်များ၏ ခိုင်မာသောစွမ်းအားသည် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ ပေးဆောင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် စာကြည့်တိုက်စနစ်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုတွင် အကျုံးဝင်သည်။ ဒစ်ဂျစ်တယ် စာကြည့်တိုက်များ၏ အားသာချက်များတွင် သတင်းအရင်းအမြစ် လက်လှမ်းမီမှု၊ ဗျူရိုကရေစီလျှော့ချမှုနှင့် မည်သည့်နေရာမှ သတင်းအချက်အလက်ရယူနိုင်စွမ်းတို့ ပါဝင်သည်။

IFLA / UNESCO ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်မှု (၂၀၁၀)အရ ပြည်သူ့စာကြည့်တိုက်၏ ရည်ရွယ်ချက်မှာ "ပညာရေး/ သတင်းအချက်အလက်နှင့် ကိုယ်ရေးကိုယ်တာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ပေးခြင်း အပါအဝင် လူတစ်ဦးချင်း၊ အဖွဲ့များ၏လိုအပ်ချက်များနှင့်ကိုက်ညီစေရန် မီဒီယာအမျိုးမျိုးတွင် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ ပေးဆောင်ရန်ဖြစ်သည်"ဟု ဖော်ပြထားသည်။

စာကြည့်တိုက်တစ်ခု၏ အခြေခံလုပ်ဆောင်ချက်များသည် ပညာရေးမြှင့်တင်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ယဉ်ကျေးမှုမြှင့်တင်ခြင်းတို့ပါဝင်သည်။ ပညာရေးမြှင့်တင်ရေးနှင့်ပတ်သက်၍ စာကြည့်တိုက်များသည် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကို ပံ့ပိုးပေးသည်။ အရွယ်ရောက်ပြီးသူလေ့လာရန်နှင့် ဘဝတစ်သက်တာ ပညာရေးပုံစံအားလုံးကို ပံ့ပိုးပေးသည်။

ပြည်သူ့ စာကြည့်တိုက်များသည် ကလေးများ၏ စာဖတ်စွမ်းရည်၊ လူမှုဆက်ဆံရေးစွမ်းရည်နှင့် စာတတ်မြောက်မှု ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရာ ယင်းအရာအားလုံးသည် ကျန်းမာရေးအတွက် ဘဝတစ်သက်တာလုံး အကျိုးသက်ရောက်မှုရှိနိုင်သည်။

စာကြည့်တိုက်များသည် စာဖတ်အသင်းအဖွဲ့များ၊ ပုံပြောအဖွဲ့များ၊ သီချင်းဆိုအဖွဲ့များ၊ လက်မှုပညာနှင့် ကစားချိန်များကို မိဘပြည်သူများနှင့် ပြုစုစောင့်ရှောက်သူများအား ၎င်းတို့၏ ကလေးများနှင့် ဆော့ကစားကာ ရင်းနှီးစေရန် ကူညီပေးသည်။

စာကြည့်တိုက်များသည် လူများစွာအတွက် ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်ဖြစ်သောကြောင့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ စာတတ်မြောက်ရေး၊ လူမှုရေး ပြန်လည်တည်ဆောက်ခြင်းနှင့် ဆန်းသစ်ဖန်တီးခြင်းတို့ကို မြှင့်တင်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

ကမ္ဘာ့စာကြည့်တိုက်များ၏ထိရောက်မှုကို လေ့လာကြည့်လျှင် ၎င်းတို့သည် သမိုင်းနှင့် အချက်အလက်များကို ပြသသည်။ ၎င်းတို့သည် နယ်မြေသတ်မှတ်မှု အပြောင်းအလဲများ၊ ဖွံ့ဖြိုးတိုးတက်မှုအသစ်များနှင့် အစိုးရအစပျိုးဆောင်ရွက်မှုများအတွက် စံပြစာကြည့်တိုက်များဖြစ်သည်။

စာကြည့်တိုက်များတွင် စာချုပ်များကို စုဆောင်းထားရှိပေးသည်။ စာကြည့်တိုက်အဖွဲ့ဝင်များ အသုံးပြုရန် ပစ္စည်းများနှင့် မီဒီယာကို စီစဉ်ထားရှိပေးသည်။ ထို့ပြင် ရုပ်ပိုင်းဆိုင်ရာ (မိတ္တူများ) သို့မဟုတ် ဒစ်ဂျစ်တယ်(Soft copies) များကို ပံ့ပိုးပေးသည်။ စာကြည့်တိုက်စနစ်တစ်ခု၏ ရည်ရွယ်ချက်မှာ သတင်းအချက်အလက် အရင်းအမြစ်များစုစည်းခြင်း၊ ပြန်လည်ရယူခြင်းနှင့် သတင်းအချက်အလက် အသုံးပြုသူများထံ ရရှိလာစေရန်ဖြစ်သည်။ စာကြည့်တိုက်အားလုံးတွင် ၎င်းတို့နှင့်ပတ်သက်သော ထူးခြားမှုတစ်ခုရှိသည်။ ယင်းသည် စုဆောင်းမှု၊ ပရိုဂရမ်ရေးဆွဲမှု၊ ဝန်ထမ်းကျွမ်းကျင်မှု၊ အဆောက်အအုံဗိသုကာ၊ ထူးခြားသောဝန်ဆောင်မှု သို့မဟုတ် ရပ်ရွာရှိ စာကြည့်တိုက်များ၏ သမိုင်းကြောင်းတို့ ဖြစ်နိုင်သည်။

စံပြစာကြည့်တိုက်တစ်ခု ဖြစ်ရန် အရည်အသွေးများ လိုအပ်သည်။ စံပြစာကြည့်တိုက်သည် စာဖတ်သူများကို သက်သောင့်သက်သာ ရှိစေသည်။ ကွန်ပျူတာများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် စာကြည့်တိုက်ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် သင့်လျော်သော ပတ်ဝန်းကျင်အခြေအနေများ လိုအပ်သည်။ အကောင်းဆုံးလိုအပ်ချက်မှာ စာကြည့်တိုက်၏အပူချိန်၊ စိုထိုင်းဆ၊ ဖုန်မှုန့်နှင့် လေထုညစ်ညမ်းမှုအဆင့်အားလုံးကို ထိန်းချုပ်ထားရန်ဖြစ်သည်။

စာကြည့်တိုက်များသည် လူမှုဆက်ဆံရေး၏ ဗဟိုဌာနများဖြစ်ရာ လူတစ်ဦးချင်းစီ၏ စိတ်အားထက်သန်မှုနှင့် အမြင်များကို မျှဝေရာတွင် စုစည်းညီညွတ်စေသည့် စာအုပ်ကလပ်များမှသည် အနုပညာရှိုးပွဲများအထိ အဖွဲ့အသီးသီးအတွက် အစည်းအဝေးခန်းများနှင့် ပွဲများကျင်းပရန်နေရာများ စီစဉ်ပေးနိုင်သည်။ ၎င်းလှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် လူမှုအသိုင်းအဝိုင်းတွင် ရင်းနှီးမှုနှင့် အခြားသူများ အပေါ်စာနာမှုတို့ကို ဖန်တီးပေးသည်။

စာကြည့်တိုက်၏ အကျိုးကျေးဇူးများကို လေ့လာကြည့်လျှင် စာကြည့်တိုက်များသည် စာဖတ်ခြင်းကို ဝါသနာပါလာစေသည်။ ယင်းမှတစ်ဆင့် မတူကွဲပြားသော အရင်းအမြစ်များကို လက်လှမ်းမီ သိရှိလာစေသည်။ စာဖတ်အသင်းများကို တက်ကြွသော အသိုက်အဝန်းနေရာများ ဖန်တီးပေးသည်။ စင်စစ်စာကြည့်တိုက်များသည် အသိအမှတ်ပြုမှု၊ ပံ့ပိုးမှုများနှင့်ထိုက်တန်သော တန်ဖိုးမဖြတ်နိုင်သော အဖွဲ့အစည်းများဖြစ်သည်။ စာကြည့်တိုက်များသည် တစ်ကိုယ်ရေ တိုးတက်မှုအပြင် လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုကို အကျိုးပြုသည်။

**(၁) အသိပညာကမ္ဘာသို့ဝင်ရောက်ပါ**

စာကြည့်တိုက်များသည် ဗဟုသုတရတနာသိုက်များ၊ စာအုပ်များ၊ သတင်းခေတ်ပုံများ ကိုးကားစရာ အချက်အလက်များနှင့် အခြားအရာများစွာကို စုစည်းထားရှိသည်။ ၎င်းတို့သည် လူ့သမိုင်း၊ ယဉ်ကျေးမှုနှင့် ဉာဏ်ပညာတို့ကို သိုလှောင်ရာနေရာများအဖြစ် ဆောင်ရွက်ကြသည်။ ပညာရေးဆိုင်ရာ အချက်အလက်များ ရှာဖွေရာတွင်လည်းကောင်း ကိုယ်ရေးကိုယ်တာ ဗဟုသုတရှာဖွေရာတွင်လည်းကောင်း၊ စာဖတ်ခြင်း၏ ပျော်ရွှင်မှုကို ရှာဖွေရာတွင်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် အရင်းအမြစ်များကို ပေးဆောင်သည်။ ဂန္ထဝင်စာပေမှသည် ခေတ်ပြိုင်လက်ရာများအထိ၊ သုတ၊ ရသစာပေမှသည် ခေတ်ပြိုင်လက်ရာများအထိ စာကြည့်တိုက်များက ထိန်းသိမ်းထားပေးသည်။ ဤသို့ဖြင့် စာဖတ်သူအမျိုးမျိုး၏ စိတ်ဝင်စားမှုနှင့် ဝါသနာကို ဖြည့်ဆည်းပေးသည်။

**(၂) ဘဝတစ်သက်တာသင်ယူမှု အခွင့်အလမ်းများ (Life Long Learning Opportunities)**

စာကြည့်တိုက်များသည် ဗဟုသုတရှာဖွေယူရန်နေရာများ ဖြစ်ရုံသာမက ဘဝတစ်သက်တာ စဉ်ဆက်မပြတ်လေ့လာရန် နေရာများဖြစ်သည်။ အသက်အရွယ်မရွေး လူများအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် ပညာပေးအစီအစဉ်များအတွက် ပံ့ပိုးပေးရာနေရာလည်းဖြစ်သည်။ ပညာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ပရိုဂရမ်များကို အခမဲ့ သို့မဟုတ် တတ်နိုင်သလောက် ကူညီပေးခြင်းဖြင့် စာကြည့်တိုက်များသည် လူတစ်ဦးချင်းစီကို ကျွမ်းကျင်မှုအသစ်များ ရရှိစေသည်။ ၎င်းတို့၏ အလုပ်အကိုင်စွမ်းရည်ကို မြှင့်တင်ပေးပြီး ဘဝတစ်သက်တာ တိုးတက်မှုကို ပံ့ပိုးပေးသည်။

**(၃) ဒစ်ဂျစ်တယ်အရင်းအမြစ်များနှင့် နည်းပညာ**

စာကြည့်တိုက်များသည် ၎င်းတို့၏ ပုံနှိပ်ရေးဆိုင်ရာ ပစ္စည်းများအတွက် လူသိများသော်လည်း ဒစ်ဂျစ်တယ်ခေတ်တွင် အောင်မြင်စွာ လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခဲ့ကြသည်။ ယခုအခါ စာကြည့်တိုက်အများစုသည် E-book များ၊ အသံစာအုပ်များ၊ အွန်လိုင်းဒေတာဘေ့စ်များနှင့် ဒစ်ဂျစ်တယ် အရင်းအမြစ်များကို ပေးစွမ်းကြသည်။ စာကြည့်တိုက်၏ ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များ ထက်ကျော်လွန်၍ သတင်းအချက်အလက်များကို ဝင်ရောက်ကြည့်ရှုခွင့် တိုးချဲ့လျက်ရှိသည်။ နည်းပညာကို အားပေးလက်ခံခြင်းဖြင့် နည်းပညာကျွမ်းကျင်သော မျိုးဆက်တစ်ခု၏လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ဖြည့်ဆည်းပံ့ပိုးပေးသည်။ ထို့ပြင် အများသူငါသုံး ကွန်ပျူတာများ၊ အင်တာနက် အသုံးပြုခွင့်နှင့် နည်းပညာဆိုင်ရာ အကူအညီများကို ပေးဆောင်လေ့ရှိသည်။ ဒစ်ဂျစ်တယ်ကွဲပြားမှုကို ပေါင်းကူးပေးပြီး လူမှုအသိုက်အမြုံအတွင်း ဒစ်ဂျစ်တယ်တတ်မြောက်မှုကို မြှင့်တင်ပေးသည်။

**(၄) စာဖတ်ခြင်းကို မြတ်နိုးတတ်အောင် မွေးမြူပါ**

အသက်အရွယ်မရွေး လူအများကြားတွင် စာဖတ်ခြင်းကိုမွေးမြူရာ၌ စာကြည့်တိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ စာအုပ်မျိုးစုံကို ထားရှိပေးပြီး စာဖတ်ရန်နေရာများ ဖန်တီးပေးခြင်းဖြင့် စာအုပ်ချစ်သူများအတွက် ခိုကိုးရာနေရာဖြစ်လာသည်။ စာကြည့်တိုက်များသည် စူးစမ်းချင်စိတ်ကို လှုံ့ဆော်အားပေးကာ တစ်သက်လုံး စာဖတ်သည့်အလေ့အထကို ပျိုးထောင်ပေးသည်။ သုတေသနပြုချက်များအရ ပုံမှန်စာဖတ်ခြင်းသည် ဝေါဟာရကြွယ်ဝမှုနှင့် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်းရည်တို့ကို တိုးတက်စေသည်ဟု ဆိုသည်။ စာတတ်မြောက်ရေးကို မြှင့်တင်ပေးပြီး စာဖတ်ခြင်းကို မြတ်နိုးခြင်းဖြင့် စာကြည့်တိုက်များသည် တစ်ကိုယ်ရေ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဉာဏ်ရည်အတွက် တိုးတက်မှုကို အထောက်အကူပြုသည်။

စာမျက်နှာ ၁၃ သို့

**"စာကြည့်တိုက်များသည် အသိပညာ၊ ကိုယ်ရေးကိုယ်တာ တိုးတက်မှု၊ စွမ်းဆောင်နိုင်မှု၊ လူမှုအသိုင်းအဝိုင်း ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ ထို့ပြင် အရင်းအမြစ်များစွာကို လက်လှမ်းမီနိုင်စေရန် ပံ့ပိုးပေးသည်။ စာဖတ်ခြင်းကိုမြတ်နိုးတတ်အောင် ပြုစုပျိုးထောင်ပေးသည်။ တစ်သက်တာ သင်ယူလေ့လာနိုင်သည့် အခွင့်အလမ်းများကို ပေးဆောင်ကာ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းလာစေရန် လူမှုရေးဆိုင်ရာ ဗဟိုအချက်အလက်များအဖြစ် ဆောင်ရွက်ပေး"**

# ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၅**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်း ခန်းမ၌ ရောဝတီတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ အခမ်းအနားကို ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ထိန်းသိမ်းစို့လေစာပေအမွေ" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားများပြောကြားသည်။ ယင်းနောက် ကျုံပျော်ခရိုင်အတွင်းရှိ စာကြည့်တိုက် ကိုးတိုက်အတွက် ငွေကျပ် ၂၇ သိန်းနှင့် စာအုပ် စာစောင် ၂၂၂ အုပ်ကို ပေးအပ်လှူဒါန်းရာ



ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ကပြဖျော်ဖြေခဲ့သော အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ခရိုင်ပညာရေးမှူးက လက်ခံရယူခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများပြခန်း၊ စာအုပ်စာစောင်များ ပြခန်း များတွင် ကျောင်းသားကျောင်းသူလေးများ ပျော်ရွှင်စွာ ဖတ်ရှုလေ့လာနေမှုများ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်/ အရုပ်ဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာအုပ် စာပေအရောင်းဆိုင်များတွင် ဌာနဆိုင်ရာများ၊ ပြည်သူ များနှင့် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ဖြင့် စာအုပ်စာပေများ ဝယ်ယူလေ့လာဖတ်ရှုနေမှုများ၊ ခါးကွင်းလှည့်ပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ တွင် ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှု အားပေး ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘင်ခရာအဖွဲ့နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါ သည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အစ်ကို ညီပုလေး | ရဲသျှမ်း | ဦးအောင်ဘာလေ<br>စိမ်းလန်းအေး<br>စာအုပ်တိုက် |
| ၂။ | ဒဏ်ရာများရဲ့ရာဇဝင် | ကလောင်စုံ | ဦးဒီကိုမန်း<br>မျှော်လင့်ခြင်းစာပေ |
| ၃။ | ဓမ္မနှင့်နေထိုင်ခြင်း | ဝေမိုး(ကျွန်းလှ) | ဦးထင်ကျော်မိုး<br>အဆန်လမ်းစာပေ |
| ၄။ | သစ်လွင်သောပုံစံဖြင့်ရှင်သန်ခြင်း<br>(စတုတ္ထအကြိမ်) | သက်တန့်(မေရီ) | ဒေါ်မေရီ<br>စိတ်သက်တန့်စာပေ |
| ၅။ | အချစ်တို့ဖြစ်တည်ရာ | မောင်ကြည်ညို<br>(ဝါဏိဇ္ဇ) | ဦးဉာဏ်အောင်<br>အလင်းသစ်စာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

**ကျိုက်ထို ဇူလိုင် ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမက (ဘောဂနာ) ကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ဟောပြောဆွေးနွေး**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက စာပေဖတ်ရှုရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။



အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာ တိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

ယနေ့ မွန်းလွဲ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❁ စာမျက်နှာ ၁၂ မှ

**(၅) လူမှုအသိုက်အမြုံထိတွေ့ဆက်ဆံမှုနှင့် လူမှုရေးအရချိတ်ဆက်မှု**

စာကြည့်တိုက်များသည် လူမှုဆက်ဆံရေးနှင့် ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးသည့် တက်ကြွသော အသိုင်းအဝိုင်း ဗဟိုချက်ဖြစ်သည်။ ဘဝအလွှာပေါင်းစုံမှ လူတစ်ဦးချင်းအား စုစည်းနိုင်မှု၊ စိတ်ကူးစိတ်သန်းများ မျှဝေနိုင်မှုနှင့် စိတ်ဝင်စားမှုတူညီသော အခြားသူများနှင့် ချိတ်ဆက်နိုင်သည့်နေရာများကို ပေးဆောင်သည်။ စာကြည့်တိုက်များတွင် စာအုပ်အသင်းများ၊ စာရေးဆရာများ၊ စာဖတ်ဝိုင်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် အသိပညာဖလှယ်ပွဲများ ကျင်းပလေ့ရှိသည်။ ယင်းဆောင်ရွက်မှုများသည် လူမှုပေါင်းစည်းညီညွတ်မှုကို မြှင့်တင်ပေးပြီး စည်းလုံးညီညွတ်မှုကို ဖန်တီးပေးသည်။

**(၆) ထိရောက်သော ကုန်ကျစရိတ်ရှိသည့် အရင်းအမြစ်သုံးစွဲခွင့်**

လူအများအတွက် စာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများ သို့မဟုတ် သုတေသနပစ္စည်းများကို ဝယ်ယူခြင်းသည် ငွေကြေးအရ စိန်ခေါ်မှုဖြစ်နိုင်သည်။ စာကြည့်တိုက်များသည် အရင်းအမြစ်များစွာကို အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်သက်သာစွာဖြင့် ဝင်ရောက်ကြည့်ရှုခြင်းဖြင့် ကွာခြားချက်ကို ပေါင်းကူးပေးသည်။ ၎င်းတို့သည် လူတစ်ဦးချင်းစီအား စျေးကြီးသော ဝယ်ယူမှု၊ ဝန်ထုပ်ဝန်ပိုးမပါဘဲ ဘာသာရပ်အမျိုးမျိုးကို စူးစမ်းလေ့လာခွင့်ပြုသည်။ ထို့ပြင်စာရင်းသွင်းမှု အခြေခံဒေတာဘေ့စ်များ၊ ပညာရပ်ဆိုင်ရာ ဂျာနယ်များနှင့် သာမန်အများပြည်သူလက်လှမ်းမမီနိုင်သော သုတေသနဆိုင်ရာပစ္စည်းများကိုလည်း ပံ့ပိုးပေးသည်။ ဤသို့ဖြင့် စာကြည့်တိုက်များသည် အသိပညာနှင့် သတင်းအချက်အလက်များကို လူတိုင်းလက်လှမ်းမီနိုင်စေရန် ကူညီပံ့ပိုးပေးသည်။

ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင် စာကြည့်တိုက်များသည် လူအများအတွက် ဝန်ဆောင်မှုများစွာ ပေးနိုင်ပြီး အကျိုးကျေးဇူးများစွာ ပေးဆောင်နိုင်သော၊ လူ့အဖွဲ့အစည်းတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက် ဆိုင်ရာစာကြည့်တိုက်များ၏ အကျိုးကျေးဇူးများကို သိရှိရန် လိုအပ်ပေသည်။ စာကြည့်တိုက်၏ အကျိုးကျေးဇူးများသည် ၎င်း၏ ရုပ်ပိုင်းဆိုင်ရာနေရာလွတ်များထက် ပိုမိုကျယ်ပြန့်လာသည့် စာကြည့်တိုက်များသည် အသိပညာ၊ ကိုယ်ရေးကိုယ်တာ တိုးတက်မှု၊ စွမ်းဆောင်နိုင်မှု၊ လူမှုအသိုင်းအဝိုင်း ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ ထို့ပြင် အရင်းအမြစ်များစွာကို လက်လှမ်းမီနိုင်စေရန် ပံ့ပိုးပေးသည်။ စာဖတ်ခြင်းကို မြတ်နိုးတတ်အောင် ပြုစုပျိုးထောင်ပေးသည်။ တစ်သက်တာ သင်ယူလေ့လာနိုင်သည့် အခွင့်အလမ်းများကို ပေးဆောင်ကာ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းလာစေရန် လူမှုရေးဆိုင်ရာ ဗဟိုအချက်အလက်များအဖြစ် ဆောင်ရွက်ပေးသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတိုးတက်လာသော ကမ္ဘာကြီးတွင် စာကြည့်တိုက်များသည် အားလုံးပါဝင်နိုင်သောနေရာများကို ဖန်တီးပေးခြင်းဖြင့် အသိပညာများကို စုစည်းဖြန့်ဝေပေးသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်များသည် စာကြည့်တိုက်များ၏ အကျိုးကျေးဇူးများကို သိရှိနားလည်ကြစေရန် လိုအပ်ပါကြောင်း မျှဝေရေးသားလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကေတုမတီမြို့ဟောင်း ကျုံး၊ မြို့ရိုးနှင့် မြို့တံခါး ပေါက်များ ပြန်လည်ဖော်ထုတ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ငူ ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ကျုံး၊ မြို့ရိုးနှင့် မြို့တံခါးပေါက်များ ပြန်လည်ဖော်ထုတ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်ငူ ကေတုမတီမြို့ဟောင်း မြို့ရိုးနှင့် ကျုံးနေရာများ၊ ရှေးဟောင်းအဆောက်အအုံများသည် တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်၍ နှစ်စဉ်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ထိန်းသိမ်းခြင်း၊ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အထင်ကရနေရာများ၊ အဆောက်အအုံများနှင့် မြို့တံခါးပေါက်များအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။



ထို့နောက် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးမှူးတို့က ကေတုမတီမြို့ဟောင်း ကျုံး၊ မြို့ရိုးနှင့် မြို့တံခါးပေါက်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး သမိုင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ပြန်လည်ဖော်ထုတ် ထိန်းသိမ်းထားရှိသည့် တောင်ငူမြို့ အနောက်ဘက် ကေတုမတီမြို့ဟောင်းကျုံး၊ မြို့ရိုးနှင့် ရွှံ့ညွန်ကျုံးတူးဖော်ထားရှိမှုနှင့် စစ်ရင်းတံခါးပေါက် ပြန်လည်ဖော်ထုတ်မည့် နေရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရအဖွဲ့၏ ဘတ်ဂျက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် တောင်ငူမြို့အရှေ့ဘက်ရှိ ရှေးဟောင်းကျုံးနှင့် စစ်တောင်းမြစ် ချိတ်ဆက်ထားသည့် ယိုးဒယားရေတံခါးပေါက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖြစ်ရပ်မှန်သရုပ်ဖော်ပန်းချီကားပြန်လည်ရေးဆွဲရန်နှင့်ရေးဆွဲပြီး ပန်းချီကားများ ရေရှည်တည်တံ့ခိုင်မြဲစေရေး အမိုးစနစ်ဖြင့် ထားရှိသွားရန်နှင့် သမိုင်းရာဇဝင်မှတ်တမ်းအား မြန်မာဘာသာ၊ ထိုင်းဘာသာများဖြင့် မှတ်တမ်းတင်ထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေ ပိုမိုရရှိနိုင်ရေးနည်းလမ်းများ ဆောင်ရွက်နိုင်ရေးနှင့် မိုးရာသီကာလ ဆည်၊ တာတမံများ အန္တရာယ်မဖြစ်စေရေး ကြိုတင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှု၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားမှု၊ သီးနှံစိုက်ပျိုးမှုအခြေအနေများနှင့် မင်းရဲသီဟိုဠ်ခြံလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလွှဲဆည်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဖြူချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်ပြီးစီးမှု၊ ဆည်ရေသောက်စနစ် ဆောင်ရွက်ပြီးစီးမှု၊ ဆည်ရေဖြင့် နွေစပါးနှင့် အခြားသီနှံ စိုက်ပျိုးမှု၊ ရေမြှင့်ရေတံခါးများတပ်ဆင်ရန် ဆောင်ရွက်နေမှု၊ ရဲနွယ်ရေလှောင်တမံနှင့် ဘိုင်းဒါးရေလှောင်တမံ ရေဝင်ရောက်မှု၊ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ကြရန်၊ သီးထပ်စိုက်ပျိုး နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်များ ကြံ့ခိုင်လုံခြုံမှု ကြိုတင်ပြင်ဆင်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးရေလွှဲဆည်နှင့် ဘုရားကြီးမြို့နယ်ရှိ ဇောင်းတူ ရေလွှဲဆည်တို့သို့ ရောက်ရှိပြီး ရေလွှဲဆည်များအတွက် မိုးတွင်းကာလ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပြည်တက္ကသိုလ်မုခ်ဦးသစ်ဖွင့်လှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ပြည်တက္ကသိုလ် မုခ်ဦးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒေသကိုယ်စားပြု ကိုယ်စားလှယ်တို့က ပြည်တက္ကသိုလ်မုခ်ဦးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မုခ်ဦးအသစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင် ရွှေတောင်မြို့ရှိ ရွှေတောင်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားလေ့ကျင့်နေမှုနှင့် အဆိုပါ ကျောင်းအတွင်း သရုပ်ပြစိုက်ခင်းများ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်တက္ကသိုလ်သို့ရောက်ရှိကြပြီး ဆွေးနွေးခန်းများ၊ ဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းများနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကိုလည်းကောင်း၊ တက္ကသိုလ် ဥပဓိရုပ်ကောင်းမွန်ရေး၊ တက္ကသိုလ် စိမ်းလန်းစိုပြည်ရေး၊ တက္ကသိုလ်ပရိဝုဏ် သန့်ရှင်းသာယာရေး ကိစ္စရပ်များကို လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်မည့် အပန်းဖြေရိပ်သာ မြေနေရာကိုလည်းကောင်း၊ စာအုပ်ပြပွဲ အရောင်းဆိုင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား၍ ဘက်စုံသုံးခန်းမ၌ ပြည်တက္ကသိုလ် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံပြီး စဉ်းစားတွေးခေါ်မှုကို အားပေးသော သင်ကြားနည်းစနစ်များကို ခေတ်နှင့်အညီ ကျင့်သုံးရေး၊ ပညာရေးမြှင့်တင်နိုင်မည့် အကြံပြုချက်များ စုဆောင်းပေးပို့ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် PEC ကိုယ်ပိုင် အထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး စာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာပေသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ သိပ္ပံခန်းနှင့် စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်ပညာရေး ဒီဂရီကောလိပ်သို့သွားရောက်ပြီး ဘောလုံးအားကစားသမားများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ပြည်ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးထံ အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်သည့် လုပ်ငန်းရှင်များအား တွေ့ဆုံ

မကွေး ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းတို့က မကွေးတိုင်းဒေသကြီးအတွင်းရှိပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး၊ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**လမ်းညွှန်မှာကြား**

တွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးမျိုးမြင့်က နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန် ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၅

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ဦးစီးဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့နိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလတို ငါးနှစ်၊ လုပ်ငန်းစီမံချက် သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ် လုပ်ငန်းစီမံချက် သတ်မှတ်ပြီး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၂၀၂၄-၂၀၂၈ ဒုတိယငါးနှစ်တာအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အတူ ပူးပေါင်းညှိနှိုင်းကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးသည် မျက်မှောက်ခေတ်၏ ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ် (Global Issue) တစ်ခုဖြစ်ပြီး နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ၎င်းစိန်ခေါ်မှုသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအောက်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တာချီလိတ်မြို့၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တာချီလိတ် ဇူလိုင် ၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂) အစီအစဉ်ဖြင့် သစ်တောဦးစီးဌာနနှင့် ရေအသုံးချခြင်းဆိုင်ရာ လုံခြုံမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပညာပေးခြင်းစီမံကိန်းတို့ ပူးပေါင်း၍ တာချီလိတ်မြို့နယ် ဝမ်ပုံ-စံဖူးကားလမ်းမ မိုင်တိုင်အမှတ် (36Km-37Km)ကြားရှိ မဲခေါင်မြစ်၏ရေဝေရေလဲဧရိယာအတွင်း မိုးရာသီလူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



**စုပေါင်းစိုက်ပျိုး**

သစ်ပင် စိုက်ပျိုးပွဲတွင် သစ်တော သုတေသနဌာန (ရေဆင်း)မှ ညွှန်ကြားရေးမှူး ဦးစိုးတင့်-၁ နှင့် တာချီလိတ်ခရိုင် သစ်တောဦးစီးမှူး ဦးအောင်ထွန်း-၃ တို့က ပျိုးပင်များပေးအပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၀ တို့က မဲဇလီ၊ မန်ကျည်းရှား စသည့် ပျိုးပင် ၁၁၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

## အလုံမြို့နယ်၌ ကျောင်းများနှင့် ဆေးပေးခန်းငွေစုငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး



အလုံ ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကျောင်းများနှင့် ဆေးပေးခန်းငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက အလုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အလုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းမှ တာဝန်ရှိသူများက အသင်းသားများအား ရင်းနှီးအစုအပေါ်ခွဲဝေငွေ ငွေကျပ်သိန်း ၈၀ နှင့် လက်ဆောင်ပစ္စည်းများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေသြဇာ( ပိုက်ဆံလျှော် ) ထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

ဇလွန် ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ( ပိုက်ဆံလျှော် ) ထည့်သွင်းထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဖက်သောင်ကျေးရွာအုပ်စု တောင်သူဒေါ်မြင့်မြင့်ချို၏ လယ်မြေ ၁၀ ဧကတွင် ကျင်းပသည်။

သစ်စိမ်းမြေသြဇာ( ပိုက်ဆံလျှော် ) ထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ မြေခံပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်စေရေး၊ မိုးစပါးကြဲခင်းများ လျှော့နည်းပပျောက်စေရေးနှင့် အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေးကိစ္စများ ဆွေးနွေးပြောကြားပြီး ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများက သစ်စိမ်းမြေသြဇာ( ပိုက်ဆံလျှော် ) ထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဗြိတိန်နိုင်ငံရွေးကောက်ပွဲတွင် အတိုက်အခံလေဘာပါတီ ထောက်ခံမဲအသာဖြင့် အနိုင်ရ




လန်ဒန် ဇူလိုင် ၅

ဗြိတိန်နိုင်ငံရွေးကောက်ပွဲတွင် အတိုက်အခံလေဘာပါတီက ထောက်ခံမဲအသာဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ကွန်ဆာဗေးတစ်ပါတီအား ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ် အပြတ်အသတ်အနိုင်ရရှိခြင်းဖြစ်သည်။

ဆန္ဒမဲရလဒ်များအရ အောက်လွှတ်တော် အမတ်နေရာ ၆၅၀ အနက် လေဘာပါတီက ၄၁၂ နေရာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပါတီခေါင်းဆောင် ကီရာစတားမားသည် လန်ဒန်မြို့တော်ရှိ ထောက်ခံသူများရှေ့တွင် အောင်ပွဲခံ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရီရှီဆွန်နက်၏ ကွန်ဆာဗေးတစ်ပါတီသည် အမတ်နေရာ ၁၂၁ နေရာသာ ရရှိခဲ့ပြီး အမတ်နေရာ ၂၀၀ ကျော် ဆုံးရှုံးခဲ့သည်။

ဝန်ကြီးချုပ် ရီရှီဆွန်နက်သည် ၎င်းပါတီ ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံပြောကြားသည်။ ထို့ပြင် လေဘာပါတီက အနိုင်ရကြောင်းနှင့် ပါတီခေါင်းဆောင် ကီရာစတားမားကို ချီးကျူးဂုဏ်ပြုပါကြောင်း ရီရှီဆွန်နက်က ဆိုသည်။

ကွန်ဆာဗေးတစ်ပါတီဝင်များတွင် ဝန်ကြီးချုပ်ဟောင်း လစ်ထရပ်စ်၊ ကာကွယ်ရေးဝန်ကြီး ဂရန့်ရှပ်စ်နှင့် တရားရေးဝန်ကြီး အဲလက်စ်ချော့ခ်တို့ ပါဝင်သည်။

အခြားပါတီများတွင် လစ်ဘရယ်ဒီမိုကရက်များက အမတ်နေရာ ၇၁ နေရာ၊ စကော့တလန်အမျိုးသားပါတီက ကိုးနေရာရရှိကာ လက်ယာယိမ်းပြုပြင်ပြောင်းလဲရေးပါတီ (Reform UK) က လေးနေရာရရှိခဲ့ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူအရာရှိများကို စုဆောင်းသွားမည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောကြား




တိုကျို ဇူလိုင် ၅

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျပန်တပ်မတော်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရန် ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်သူအရာရှိများကို စုဆောင်းသွားမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယခု ဆောင်ရွက်ချက်အား ဆိုက်ဘာတိုက်ခိုက်မှုများရှုပ်ထွေးများပြားလာချိန်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်မှာ လက်ရှိအင်အား ၂၂၀၀ ရှိသည့် ဂျပန်တပ်မတော် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဆိုက်ဘာလုံခြုံရေးတပ်ဖွဲ့ကို ၂၀၂၇ ခုနှစ်တွင် ၄၀၀၀ အထိတိုးချဲ့ရေး ရည်မှန်းဆောင်ရွက်ခြင်းဖြစ်သည်။

မြေပြင်တွင် တာဝန်ထမ်းဆောင်သည့် ဂျပန်တပ်မတော် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များတွင် ဆိုက်ဘာနည်းပညာ ကျွမ်းကျင်သူများကို တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ ယခုခန့်ထားမည့် တပ်ဖွဲ့ဝင်များသည် ကျွမ်းကျင်သူများဖြစ်သဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုလိုအပ်ချက်များကို လျှော့ပေါ့သတ်မှတ်မည်ဟု သိရသည်။ သို့ရာတွင် ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင် ဆိုက်ဘာကျွမ်းကျင်သူ အများအပြား လိုအပ်နေသဖြင့် မျှော်မှန်းထားသည့် တပ်ဖွဲ့ဝင်အရေအတွက် ရရှိရန် ခက်ခဲနိုင်ကာ ဆိုက်ဘာနည်းပညာကျွမ်းကျင်သူ တပ်ဖွဲ့ဝင်များ စုဆောင်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်မည်ဟု ကာကွယ်ရေးဝန်ကြီး Kihara Minoru က ပြောကြားသည်။

ကိုးကား– အင်န်အိတ်ချ်ကေ
ဘာသာပြန်–စိုးသူရ

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်

နယူးဒေလီ ဇူလိုင် ၅

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံရန် လာမည့်သီတင်းပတ်တွင် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

မိုဒီသည် ဇူလိုင် ၈ ရက်မှစတင်၍ ရုရှားနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးကဏ္ဍကဲ့သို့သောကဏ္ဍတွင် ရုရှားနှင့် မိတ်ဖက်နိုင်ငံဖြစ်သည့်အပြင် စီးပွားရေးအရလည်း ရုရှားနိုင်ငံမှ လောင်စာဆီများကို အိန္ဒိယနိုင်ငံသို့ တင်သွင်းခြင်းဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့သည်။

ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုတွင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်မည့်ကိစ္စရပ်များကိုလည်း ဆွေးနွေးမည်ဟု ကရင်မလင်က ပြောကြားသည်။ အနောက်နိုင်ငံများနှင့်ထိပ်တိုက်ရင်ဆိုင်နေရသည့် ရုရှားနိုင်ငံ၏ ရပ်တည်ချက်ကို ဝန်ကြီးချုပ်မိုဒီ နားလည်သဘောပေါက်စေရေးအတွက် ယခုတွေ့ဆုံမှုအတွင်း သမ္မတပူတင်က ဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ခေါင်းဆောင်ဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၁၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲ ကျင်းပ

ရမည်းသင်း ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများသည် ဇူလိုင် ၄ ရက် ညနေ ၄ နာရီက ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးရှေ့၌ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပွဲတွင် ပိတောက်ပင်၊ ရင်းမာပင်၊ ကျွန်းပင်၊ တပေဘူတပင်နှင့် စိန်ပန်းပင်တို့ကို သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



၂၀၂၄ ခုနှစ် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးပိုင်စိုးအောင်နှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းစုမှ အမှုဆောင်ဒါရိုက်တာနှင့် ဝန်ထမ်းများက ဇူလိုင် ၅ ရက်တွင် တေဘာတိကာရာမကျောင်းတိုက်ရှိ သီလရှင်ဆရာကြီး ဆရာလေးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

စိုးမိုး(ပြန်/ဆက်)




# ထားဝယ်မြို့၌ (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြု

ထားဝယ် ဇူလိုင် ၅

(၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးထွန်းက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမပညာပြန့်ပွားရေးဆိုင်ရာ ဗဟုသုတမေးခွန်းများဆန်းစစ်ခြင်း၊ စာမေးပွဲရေးဖြေ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် ဒါရိုက်တာများ၊ ထားဝယ်ခရိုင် လေးမြို့နယ်မှ ဦးစီးအရာရှိများနှင့်ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌများနှင့် ဆုရရှိသူများက ခင်းကျင်းပြသထားသော တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ရှားမှုဓာတ်ပုံများအား ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး သမဝါယမအခြေခံစားကုန်အရောင်းဆိုင်မှ ဈေးနှုန်းသက်သာစွာရောင်းချနေသော ပစ္စည်းများအား ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲတက်ရောက်

မုဒုံ ဇူလိုင် ၅

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း၊ မိုးစပါးများ စိုက်စနစ်မှန်ကန်ရေးအတွက် မျိုးစေ့ချကိရိယာ၊ လက်ဆွဲကောက်စိုက်စက်နှင့် ကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ဝက်တဲကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကြဲခင်းစနစ် စိုက်ပျိုးခြင်းထက် စက်ကိရိယာများ ပိုမိုအသုံးပြုစိုက်ပျိုးနိုင်ရန်၊ တောင်သူများ မျိုးစေ့ကုန်ကျမှုသက်သာပြီး အလေအလွင့်မရှိစေရန်နှင့် အချိန်လုပ်အားခ လျှော့ချနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်တစ်ခုလုံးအတွက် တိုက်ရိုက်မျိုးစေ့ချကိရိယာ ၅၈၀ ကိုထောက်ပံ့ပေးအပ်ခဲ့ရာ မုဒုံမြို့နယ် အနေဖြင့် အလက် ၆၀ ကို တောင်သူများထံ ထောက်ပံ့ပေးအပ်မည် ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး သီးနှံအထွက်နှုန်း အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်စေခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးစေရန် အတွက် တာဝန်ရှိသူများက အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိသလို တောင်သူများကလည်း အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန မုဒုံမြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့က မျိုးစေ့ချကိရိယာများကို အကျိုးဆောင် တောင်သူများထံပေးအပ်ခဲ့ပြီး လက်ဆွဲကောက်စိုက်စက်နှင့် ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးကာ တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# မြောင်းမြပညာရေးဒီဂရီကောလိပ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မြောင်းမြ ဇူလိုင် ၅

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့၌ သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပညာရေးဒီဂရီကောလိပ် မြရတုခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

အခမ်းအနားတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက "သစ်ပင်စိုက်ပါတို့ ကမ္ဘာ ဥတုရာသီတောကိုမှီလို့" ခေါင်းစဉ်ဖြင့်မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှု၊ သစ်တောပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မှန်လုံအိမ်အာနိသင်နှင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲခြင်း သက်ရောက်မှုများ၊ စိုက်ပျိုးသီးနှံ ပျက်စီးရခြင်းအကြောင်း၊ ရေရရှိမှုခက်ခဲခြင်း၊ ပတ်ဝန်းကျင်ရေးရာကျင့်ဝတ်နှင့် လုပ်ဆောင်ဖွယ်ရာများ စသည့်အကြောင်းအရာများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဝေဝေမြင့်(မြောင်းမြ)



# သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများ ဆောင်ရွက်

သထုံ ဇူလိုင် ၅

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရေး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ကြသည်။

မိုဘိုင်းစာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ထန်းတပင်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၅

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဗို့အားပြည့်ဝစွာရရှိစေရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ၃၃ ကေဗွီ နှစ်ဆင့်ကြွေသီးအဟောင်းများ(အစား) အရည်အသွေးပိုမိုကောင်းမွန်သည့် သုံးဆင့်ကြွေသီး အသစ် ၆၃၅ လုံးဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများကို ထန်းတပင်မြို့နယ်အတွင်း ၃၃ ကေဗွီ အနောက်ပိုင်း-ထန်းတပင် ဖီဒါတစ်လျှောက်တွင် ဆောင်ရွက်ကြသည်။

ထို့အပြင် ထရန်စဖော်မာများ လောင်ကျွမ်းမှုမဖြစ်စေရေးအတွက် ထရန်စဖော်မာများ ဝန်အားတိုင်းတာစစ်ဆေးခြင်း၊ ထရန်စဖော်မာဝင်း ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့တွင် ဆောင်ရွက်ကြကြောင်း သိရသည်။

ချစ်ဆောင်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## မြင်းခြံမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ဖမ်းဆီးထားကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောင်းဖြူကန်ကျေးရွာမှ ဒေသခံပြည်သူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် တူရင်းဘို့ကျေးရွာမှ နေအိမ် ၁၂ လုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်။




ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းခြံမြို့နယ် တူရင်းဘို့ကျေးရွာ ကျောင်းဖြူကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်များတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ကျောင်းဖြူကန်ကျေးရွာမှ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းမရှိကြောင်းနှင့် တူရင်းဘို့ကျေးရွာတွင်လည်း မည်သည့် မီးလောင်ပျက်စီးမှု ဖြစ်ပွားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လှို့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောင်ချိုမြို့ကို TNLA အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်စဉ် တပ်မတော်က အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ကို TNLA အကြမ်းဖက်သမားများက ဇူလိုင် ၄ ရက်တွင် လာရောက်တိုက်ခိုက်စဉ် တပ်မတော်မှ အဆိပ်ငွေ့ဗုံး သုံးလုံး အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် TNLA အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး အဆိပ်ငွေ့သင့်ပြီး ဆေးကုသမှုခံယူရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခြင်း မရှိခဲ့ကြောင်း သိရှိရပြီး တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်မှလက်နက်ကြီးများ၏ ထိရောက်သောပစ်ကူပေးတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများခဲ့သည့် ယခင်တိုက်ပွဲများတွင်လည်း တပ်မတော်က အဆိပ်ငွေ့ဗုံးများဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေခဲ့သည်ကို ပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ယခုတိုက်ခိုက်မှုတွင်လည်း TNLA အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှု များပြားခဲ့သည့်အတွက် တပ်မတော်က အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေး

ရန်ကုန် ဇူလိုင် ၅

ရန်ကုန် တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား တစ်ဦးအား ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Xin Fa Myanmar Textile Co., Ltd မှ အာမခံအလုပ်သမား ဦးဇင်မျိုးဦးသည် မေ ၇ ရက်တွင် အလုပ်တာဝန် ထမ်းဆောင်ရန်အတွက် လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်ထွေးထံသို့ သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၇-၂၀၂၄ စနေနေ့

**MRTV HD**

**၀၆:၀၀** အဋ္ဌရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါဇ္ဈင်သုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၅** ပညာရည်မြင့်မားရေးဆောင်ရွက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့
**၀၉:၁၅** စိမ်းလန်းစိုပြည်သာယာဖို့သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၃၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ 'အာလူးထမင်းနယ်'
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၈)
**၁၃:၃၀** MRTV National News
**၁၄:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၂၁)
**၁၆:၄၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၇:၁၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၃၅** အနာဂတ်ပညာရေးအတွက်မှန်းမျှော်ရည် ပညာရေးညီလာခံ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဝုဏ်ပြုအစီအစဉ်
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
**၂၁:၁၅** (၁၉)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)

**mitv**

**07:01** Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
**07:09** Weekly Review
**07:25** Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
**07:42** Myanmar Family Life: Everyone has Own Hobbies
**07:53** World Zoonoses Day
**08:01** News
**08:26** Orchid Lover
**08:35** Empowering Myanmar's MSMEs: Success Story in Fish Farming Business Development
**08:46** Lets Serve in the Military by Upholding Partriotism and Nationalism
**09:01** Quiz Time (Ep-41)
**10:01** News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
မိုးနဲမြို့က ရေးမှုလက်ရာမပျက် ရှမ်းရိုးရာဆွမ်းအုပ်ကလေးများ
**ပ (၀၈:၀၀ မှ ၁၀:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
2022 Manau Tswam Shayi (Part-3)
**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၃)
**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဂေါ်ရန်ဂိုကျွန်းသဘာဝအလှ(အပိုင်း-၁)
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီးစားကြပါစို့
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (တိရစ္ဆာန်အခေါ်အဝေါ်)
**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
အံ့ဖွယ်သစ္စာရှင် အောက်ချင်းငှက်မောင်နှံ
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းအမျိုးသမီးများ၏ ပါးရဲထိုးခြင်းဓလေ့
**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပြူးပဒေသာ(မှတ်ဂျာလ်လားစိန်ငမ)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၁၅** Bird's Eye View
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပေငွေ့မှငွေးချယ်မှု'**
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
**၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၀၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၅)

**MRTV FARMERS' H TV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၁၅** တောင်သူအကျိုးရည်မျှော်ကိုးရေးနှုန်းချိုသာ ယုရီးယားမြေသြဇာ
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၁၈:၀၀** Way Back Home
**၂၂:၀၀** Hachi-A Dog's Tale
**၂၃:၃၀** Chinese New Year - Spring Festival Clelbration
**၂၃:၄၅** My 3 Most Profitable Microgreens

**MRTV SPORTS H TV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၀၇:၄၀** Soccer View
**၁၁:၀၀** အားကစားသတင်း
**၁၅:၀၀** မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Yangon United FC VS Rakhine United FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအတွက် ရုပ်သံထုတ်လွှင့်ခြင်းနှင့် စပွန်ဆာပံ့ပိုးခြင်း သဘောတူစာချုပ် ချုပ်ဆို

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် (MNL) ပွဲစဉ်များအတွက် ရုပ်သံထုတ်လွှင့်ခြင်းနှင့် စပွန်ဆာပံ့ပိုးခြင်းအတွက် သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့် လိဂ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ကိုယ်စားလှယ်များ၊ စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ပြသမည့် Forever Media Group မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများအား ရှင်းလင်းပြောကြားကာ ရုပ်သံထုတ်လွှင့်ခြင်းနှင့် စပွန်ဆာပံ့ပိုးခြင်းများအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရောဝတီဘဏ်လီမိတက်က အဓိကစပွန်ဆာအဖြစ်




လည်းကောင်း၊ AYA Pay၊ AYA Sompo Insurence၊ Max Cement၊ Max Energy၊ Alpine သောက်ရေသန့်၊ Fresh AirCon၊ BYD Mortor Myanmar၊ CP Five Star၊ M21 Sports Collection၊ Genius၊ Dong Luc Match Ball တို့က Co-Sponsor များအဖြစ် လည်းကောင်း ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

မြန်မာ နေရှင်နယ်လိဂ်ပွဲစဉ်များအား အများပြည်သူ တိုက်ရိုက်ကြည့်ရှုနိုင်ရေးအတွက် Forever Media Group က ရိုက်ကူးထုတ်လွှင့်ပြီး MRTV-4 နှင့် Channel-7 ရုပ်သံလိုင်းများတွင် ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ပြသသွားမည်ဖြစ်သည်။ ယခုရာသီ MNL ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း၊ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်း၊ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၃ သင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**



# ကျိုက်မရောမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပ

**ကျိုက်မရော ဇူလိုင် ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက အထက(ခွဲ)ရေတွင်းကုန်းကျောင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ အထက (ခွဲ) ရေတွင်းကုန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသက်မွန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ကလေးသူငယ်ဥပဒေနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက်(၇၇)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အကြိုနံရံကပ် စာစောင် နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားရာကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# ONE Friday Fights-69 ပြိုင်ပွဲတွင် စိုးလင်းဦး ဒုတိယအချီတွင် အလဲထိုးအနိုင်ရ

**ရန်ကုန် ဇူလိုင် ၅**

ONE Friday Fights-69 ပြိုင်ပွဲကို ဇူလိုင် ၅ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ စိုးလင်းဦး အလဲထိုးအနိုင်ရရှိခဲ့သည်။

**အလဲထိုးအနိုင်ရ**

စိုးလင်းဦးသည် နာမည်ကြီး ထိုင်းမွေ့ထိုင်းဖိုက်တာ ပေါင်ဆီရီနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအချီတွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် စိုးလင်းဦးကပွဲအခြေအနေကိုစောင့်ကြည့်ထိုးသတ်ခဲ့ပြီး ပထမအချီပြီးခါနီးမှသာ လက်သီးချင်းပြိုင်ထိုးခဲ့ခြင်းဖြစ်သည်။ ပေါင်ဆီရီသည် စိုးလင်းဦး၏ မာဂုဏ်ကို မယှဉ်နိုင်သဖြင့် ခြေကန်ချက်၊ ဒူးတိုက်ချက်ဖြင့်သာ တိုက်ခိုက်ခဲ့သည်။ ဒုတိယအချီစကတည်းက စိုးလင်းဦးက ဆက်တိုက်တိုက်စစ်ဆင်လာပြီး လက်သီးချက်များကြောင့် ပေါင်ဆီရီအထိနာလာသည်။

ဒုတိယအချီ ၂၉ စက္ကန့်တွင် စိုးလင်းဦး၏ ပင့်လက်သီးမိကာ ပေါင်ဆီရီ အရှုံးပေးခဲ့ရသည်။ စိုးလင်းဦးသည် အလဲထိုးအနိုင်ရခဲ့သဖြင့် ONE Championship အမှုဆောင်အရာရှိချုပ် ချက်သရီဆစ်ယိုထောင်း ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲ ရရှိခဲ့သည်။

စိုးလင်းဦးသည် ONE Championship နှင့် လက်တွဲအပြီး ယခုနှစ်အတွင်း သုံးပွဲထိုးသတ်ရာ သုံးပွဲစလုံး အလဲထိုးများဖြင့် အနိုင်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-ONE Championship**



ONE Friday Fights-69 ပြိုင်ပွဲတွင် စိုးလင်းဦးနှင့် ပေါင်ဆီရီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။



# ဘီးလင်းမြို့နယ် အမက(အုတ်ဖို)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ဘီးလင်း ဇူလိုင် ၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း (အုတ်ဖို) ၌ ဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ရီရီခိုင်က စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများအား ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ ကာတွန်းစာစောင်များ စသည့်ကလေးစာပေများကို ဖတ်ရှုစေခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများအား ၎င်းတို့ ဖတ်ရှုလေ့လာထားသည့်စာအုပ်များဖြင့် ပုံပြင်ပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ပြုလုပ်ပြီး ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

